
ပစုက္ကူစာပေဆုရ
မုန်းဟာန်တင်းတင်း
ရှန်ချင်းဘာကိုမြို့၊ ရှန်ချင်းဆိုင်တော
"ငါ"နိုင်လို့မှ၊ ရှန်ဘာကိုမြို့ရှင်း
ဂါစုများစွာ၊ နှစ်ပေါင်းကြာခဲ့
ငါတို့လူရွာ၊ ဤကမ္ဘာဝယ်
မေတ္တာလမင်း မလင်းနိုင်သေး။
ဂန္ထဝင်လမင်း အလင်းသံစဉ်
ကဗျာများ
မောင်ဟန်တင့်
(ပင်လည်ဘူး)
ဂန္ထဝင်လမင်း အလင်းသံစဉ် ကဗျာများ
မောင်ဟန်တင့် (ပင်လည်ဘူး)

၂၀၁၃ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု
ကဗျာပေါင်းချုပ်၊ တတိယဆု

# ဂန္ဓဝင်လမင်း အလင်းသံစဉ်

*ကဗျာများ*

## မောင်ဟန်တင့် (ပင်လည်ဘူး)

တည်းဖြတ်သူ – ဒေါ်ခင်ဝါဆွေ (ဝါဝါအင်းစိန်)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးဒီဇိုင်း– –

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀

တန်ဖိုး (                ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်
ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

**တာဝန်အရေးသုံးပါး**

| | |
|---|---|
| * ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| * တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပူဇော်ခြင်း | ၁ |
| ၂။ | ကဗျာ့နိမိတ် အရိပ်သံစဉ် | ၂ |
| ၃။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၁) | ၃ |
| ၄။ | မမေ့သောစိတ် မမိုတ်သောသတိ | ၄ |
| ၅။ | အလျှံညီးညီး မာန်ခရီး | ၅ |
| ၆။ | ပုဂံလမ်းသို့ အလွမ်းလက်ာ(အိုင်ချင်း) | ၆ |
| ၇။ | မေတ္တာရိပ် | ၇ |
| ၈။ | မာနတံလျှပ် တောင်ပံခတ်သော် | ၈ |
| ၉။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၂) | ၉ |
| ၁၀။ | မေတ္တာအလင်း | ၁၀ |
| ၁၁။ | ရွှန်းပမျက်နှာ လပမာ (တျာချင်း) | ၁၁ |
| ၁၂။ | ပီတိရင်မှာ အလင်္ကာ | ၁၂ |
| ၁၃။ | သတိတမန် အသိဉာဏ် | ၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဖိုးလမင်း | ၁၄ |
| ၁၅။ | ငှက်ကလေးရေ | ၁၅ |
| ၁၆။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၃) | ၁၆ |
| ၁၇။ | လွမ်းရာသီ | ၁၇ |
| ၁၈။ | ကဗျာပွင့် | ၁၈ |
| ၁၉။ | လက်ဆောင်မေတ္တာ နှင်းသောခါ | ၁၉ |
| ၂၀။ | မေတ္တာလမင်း ဘယ်ခါလင်းလိမ့် | ၂၀ |
| ၂၁။ | တုမနိုင်းသာ | ၂၁ |
| ၂၂။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၄) | ၂၂ |
| ၂၃။ | ငှက်ကလေးရဲ့ တေးနှဲ့သံစဉ် | ၂၃ |
| ၂၄။ | လွမ်းသံသယ | ၂၄ |
| ၂၅။ | အတွေးဖွဲ့လေ အေးတဲ့နွေ | ၂၅ |
| ၂၆။ | အမှား၏ အခြားတစ်ဖက် | ၂၆ |
| ၂၇။ | အေးရိပ်မြေ | ၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | အတ္တခေါ်သံ | ၂၈ |
| ၂၉။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၅) | ၂၉ |
| ၃၀။ | ဝေးလွင့်ရွက်ဝါ | ၃၀ |
| ၃၁။ | အလွမ်းတစ်ရာ ပန်းကဗျာ | ၃၁ |
| ၃၂။ | အလွမ်းနာ | ၃၂ |
| ၃၃။ | ကြမ္မာ | ၃၃ |
| ၃၄။ | ခြေရာမဲ့ ဝေဒနာ | ၃၄ |
| ၃၅။ | လွန်ပွဲများ | ၃၅ |
| ၃၆။ | ပိုးဖလံမျိုး မီးကိုတိုးမြဲ | ၃၆ |
| ၃၇။ | မြို့ပြအနွမ်း အလွမ်းလိပ်ပြာ | ၃၇ |
| ၃၈။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၆) | ၃၈ |
| ၃၉။ | ရှက် | ၃၉ |
| ၄၀။ | လူ့သမိုင်းကို ထုဆစ်ခြင်း | ၄၀ |
| ၄၁။ | ရွှေ့လျားနေသော နေ့များ | ၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | မာနပြိုင်ပွဲ | ၄၂ |
| ၄၃။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၇) | ၄၃ |
| ၄၄။ | ရတနာပုံ နန်းမြို့ဟောင်း၌ | ၄၄ |
| ၄၅။ | သူရဲကောင်းတို့ ခေါင်းလောင်းသံ | ၄၅ |
| ၄၆။ | ဘုရင့်နောင် ပြန်တမ်း | ၄၆ |
| ၄၇။ | ရွှေပြည်ကုန်းဘောင် ရန်ကြီးအောင် | ၄၇ |
| ၄၈။ | သူရဲကောင်းသို့ လွမ်းချင်းလကော်ာ | ၄၈ |
| ၄၉။ | မြန်မာ ဥဒါန်း | ၄၉ |
| ၅၀။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၈) | ၅၀ |
| ၅၁။ | မညှိုးဂုဏ်ရည် နဂါးနီ | ၅၁ |
| ၅၂။ | ဦးဥတ္တမ(သို့မဟုတ်) နယ်ချဲ့ | ၅၂ |
| ၅၃။ | စိန်ခေါ်ဆရာတော်<br>သမိုင်းပုံရိပ် အတိတ်အားမာန် | ၅၃ |
| ၅၄။ | ရဲဘော်သုံးကျိပ် အတိတ်ဥဒါန်း | ၅၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | မတ်လမော်ကွန်း(သို့မဟုတ်) ဖက်ဆစ်တော်လှန် နွေဂိမှာန် | ၅၅ |
| ၅၆။ | ပင်လုံ(သို့မဟုတ်) ညီညွတ်ခြင်းသင်္ကေတ | ၅၆ |
| ၅၇။ | မော်ကွန်းမြန်မာ လင်းရောင်ဖြာ | ၅၇ |
| ၅၈။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၉) | ၅၈ |
| ၅၉။ | အောင်နိုင်သူ | ၅၉ |
| ၆၀။ | ဆန္ဒပြင်းထန် ဖွဲ့စိတ်သန်သော် | ၆၀ |
| ၆၁။ | လျှော့ကျော်ရဲသူ | ၆၁ |
| ၆၂။ | ပညာခရီး | ၆၂ |
| ၆၃။ | ကိုယ်ရေးအတ္ထုပ္ပတ္တိ | ၆၃ |
| ၆၄။ | အရိပ်ဘဝ အလှဘယ်မှာ | ၆၄ |
| ၆၅။ | ဆရာ့ဘဝ အလှမှန်ကူကွက် | ၆၅ |
| ၆၆။ | လွမ်းရိပ်ဝေဝေ မွေးရပ်မြေ | ၆၆ |
| ၆၇။ | မသိမောစွာ သူနဲ့ငါ | ၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၁၀) | ၆၈ |
| ၆၉။ | အနှစ်ပမာ ချစ်ကဗျာ | ၆၉ |
| ၇၀။ | သနားစရာ အတ္တငါ | ၇၀ |
| ၇၁။ | ရွက်နုသစ်ဆင် ချစ်သစ်ပင် | ၇၁ |
| ၇၂။ | လက်များ၏ ဆုံမှတ် | ၇၂ |
| ၇၃။ | မျက်နှာနှစ်ခုနှင့် ကမ္ဘာ | ၇၃ |
| ၇၄။ | ဂန္ထဝင်လမင်း အလင်းသံစဉ်(၁၁) | ၇၄ |
| ၇၅။ | ချစ်စွာသော အိုကဗျာ | ၇၅ |
| ၇၆။ | အိုခြင်းဇရာ ရောက်၍လာသော် | ၇၆ |
| ၇၇။ | အလင်္ကာမှော် ရင်မှာပျော် | ၇၇ |
| ၇၈။ | နိဂုံးဘယ်ခါ မသိပါ | ၇၈ |
| ၇၉။ | ဥစ္စာစောင့် | ၇၉ |
| ၈၀။ | ငှက်ကလေးသို့ ကျေးဇူးကဗျာ | ၈၀ |

# ပူဇော်ခြင်း

♠ အဖေ
နေခြင်းဘဝ၊ ဒဿနတွေ
ညွှန်ပြသွေးကူး၊ ဖေ့ကျေးဇူးကြောင့်
စူးရဲခက်ထန်၊ လောကဓံကို
သားခံနိုင်ခဲ့တယ် အဖေ. . .။

♠ အမေ
နေခြင်းအလှ၊ နိယာမတွေ
ညွှန်းဟလှစ်ဖြာ၊ မေ့မေတ္တာကြောင့်
ကြင်နာငွေ့ငွေ့၊ ရင်မှာမွှေ့ရင်း
သားရှေ့ဆက်နိုင်ခဲ့တယ် အမေ. . .။

♠ အဖေ
နေမင်းအလား၊ အဖေ'အား'ကြောင့်
ဓားလည်းထက်ခဲ့ပါပြီ အဖေ. . .။

♠ အမေ
ငွေလပမာ၊ မေ့မေတ္တာကြောင့်
ကြာလည်းပွင့်ခဲ့ပါပြီ အမေ. . .။

၁

♠ အသွားထက်ထက်၊ ဓားတစ်လက်နဲ့
ဆူးမြက်နွယ်ရိုင်း၊ ခုတ်ထွင်ပိုင်းရင်း
ရှုတိုင်းစိမ်းမြ၊ မြက်ခင်းလှပေါ်
ခြေချနိုင်ခဲ့ပါပြီ အဖေ. . . ။

♠ အလှွာမပျက်၊ ကြာတစ်ခက်နဲ့
ညှံ့သက်ဆွတ်နူး၊ ရနံ့ကူးရင်း
ရင့်ကျူးနှစ်လို၊ တေးချိုချိုကို
ဆိုညည်းနိုင်ခဲ့ပါပြီ အမေ. . . ။

♠ ဩော်. . .

ဖေ,မေ ကျေးဇူး၊ မြင့်မိုရ်ဦးကို
ရွယ်စူးစိတ်တွင်၊ ဦးထိပ်တင်သည်
ကောင်းကင်,ရေလှွာ၊ မြေကမ္ဘာ
မဟာသက်သေ၊ တည်ပါစေ။ ။
(မိဘနှစ်ပါးသို့)

❖ ❖ ❖ ❖ ❖



## ကဗျာ့နိမိတ် အရိပ်သံစဉ်

♠ တွေးတတ်ရင် ကဗျာ။
စေတနာ အလင်းဖြန့်တော့
ဝင်းဖန့် ကြည်သာ။
အတွေးရိပ် အလင်္ကာ
ရင်မှာတဲ့ ပီတိ။
အကြင်နာ လေပြည်အေး
တွေးယှက်လို့ငြိ။

♠ ကြည့်တတ်ရင် ကဗျာ။
စေတနာ ရောင်စဉ်လှိုင်း
သိုင်းယှက်လို့ဖြာ။
မျက်ဝန်းမှာ အကြင်နာ
အလင်္ကာ နိမိတ်။
ရင်ထဲမှာ ပီတိဖျန်း
ရွှင်လန်းတဲ့စိတ်။

♠ ရေးတတ်ရင်
စေတနာ ခြေရာကောက်တော့

စိတ်နောက် ကိုယ်ပါ။
မြမျက်ရွှဲ အလင်္ကာ
အကြင်နာ အငွေ့။
မြင်မြင်ရာ အကုန်လှ
ချမ်းမြ ကြည်မွေ့။ ။

❖ ❖ ❖ ❖ ❖



## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၁)

"ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ
မင်းချမ်းသာကား၊
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည့်
ရေပွက်ပမာ၊ တစ်သက်လျာတည့်"
(အနန္တသူရိယ အမတ်ကြီး-သူတည်းတစ်ယောက်
ချီလင်္ကာ)

♠ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ
ဓမ္မတာ' ဟု
လင်္ကာဖွဲ့တုန်း၊ သူသတ်ကုန်း၌
နေလုံးကွယ်ချိန် နီးလေပြီ။

♠ 'မလွတ်ကြမ္မာ၊ လူတကာ'တို့
ခန္ဓာမမြဲ၊ ဖောက်လှဲဖောက်ပြန်

ဓမ္မကွန်လျှင်
ဇေကန်ဇော၊ နိယာမဟု
ညွှန်ပြလက်၊ သေတမ်းစာလည်း
ကမ္ဘာတည်မျှ မြဲလေပြီ။

♠ ဩော်. . .
သူသတ်တို့လက်၊ လက်ဆက်၍
အသက်ခန္ဓာ၊ စွန့်သွားရှာခဲ့
ရာစုများစွာ၊ နှစ်ပေါင်းကြာပြီ
ကြာပင်ကြာလည်း၊ တို့ရင်ထဲမူ
စွဲထင်ပဝင်း၊ လတစ်စင်းနှယ်
ထင်လင်းနာမ
"အနန္တသူရိယ" ဟု
လွမ်းတနေရဆဲပါတကား။

❖ ❖ ❖ ❖ ❖



# မမေ့သောစိတ် မမှိတ်သောသတိ

♠ သတိတရား၊ အသိဓားဖြင့်
ငါ့အားတွယ်ဖက်၊ ညှို့ငင်ယှက်သည့်
ရမ္မက်မီးတောက်၊ ထိုမြွေဟောက်ကို
ဖြတ်တောက်သုတ်သင် နိုင်ခဲ့သော်. . .။

♠ သတိထုံမွှမ်း၊ အသိချွန်းဖြင့်
ကျွမ်းသန္တာလန်၊ ပြောင်းပြောင်းဆန်အောင်
ခက်ထန်ရန်ငြိုး၊ ရန်မီးပျိုးမည့်
ဆိုးသွမ်းထင်တိုင်း၊ စိတ်ဆင်ရိုင်းကို
နှိမ်ခိုင်းဝပ်တွား နိုင်ခဲ့သော်. . .။

♠ သတိတမန်၊ အသိဉာဏ်ဖြင့်
မာန်တရှုရှု၊ မာန်မချသည့်
ချွန်မြစူးစူး၊ မာနဆူးကို
ညွှတ်နူးပြေလျော့ စေခဲ့သော်. . .။

♠ သတိမမှိတ်၊ အသိစိတ်ဖြင့်
မထိတ်မလန့်၊ စိတ်မနှံ့သို့

ခြေဆန့်နယ်လွန်၊ နစ်ဆင်းကျွံမည့်
စိမ့်နွံတမျှ၊ ထိုလောဘကို
ကွင်းပရှောင်ရှားနိုင်ခဲ့သော်. . .။

♠ "အပ္ပမာဒေန၊ သမ္ပာဒေထ. ."
မြွက်ဟတွင်တွင်၊ ဆုံးမသင်သို့
ရှင်တော်ဘုရား၊ မြတ်တရားလျှင်
ငါ့အားလွှမ်းခြုံ လေပြီတကား။ ။

❖ ❖ ❖ ❖ ❖



## အလျှံညီးညီး မာန်စရီး

♠ မာန်ထည်ထည် ရှက်ဖွယ်စကားတွေနဲ့
ဟန်သွယ်သွယ် ပြက်ရယ်ကြွားကာပ
ထောင်လွှားလို့ တမော်မော်။

♠ ငါပြောရင် အဟုတ်
ငါလုပ်ရင် အမှန်
ငါကြံရင် မလွဲ
ငါစွဲတွေ တံခွန်ထူလို့
ငါလိုလူ ရှားမှရှား
အားရပျော်ပျော်။

♠ သံသရာ လည်းအပြောင်း
ကံကြမ္မာ ဘယ်မကောင်းချိန်မတော့
စိတ်ထောင်းလို့ ကိုယ်ကြေ
စိတ်လေလို့ ကိုယ်နွမ်း
စိတ်ပန်းလို့ ကိုယ်မရွှင်
ငါဘဝင် လွှားလေသမျှ
ငါအထင် မှားလေစွရယ်လို့

တရားရ ယခုသော်
ရှုမျှော်သည့် ထိုခဏ။

♠ တံလျှပ် မြေအပြင်
တစ်ရံမလပ် ရေလွှာထင်လို့
"ငါသာလျှင်" မာနမီးတွေနဲ့
ညီးဆူဆူ နွေဘဝမှာ
ခရီးပူပူ ခြေမချသာဘူ
ရခဲ့နောင်တ။ ။

❖ ❖ ❖ ❖ ❖



## ပုဂံလမ်းသို့ အလွမ်းလက်ဆော (အိုင်ချင်း)

♠ လွမ်းစရာ့ ပုဂံမြေ။
စေတီပုထိုး၊ မညှိုးကျက်သရေ။

♠ မင်းကျန်စစ်လျှင်၊ ချစ်ခင်ရည်တူ
အနွေးလက်၊ ထွေးယှက် ယူကာ
ကြည်ဖြူအေးရိပ် စေခဲ့သနော်။

♠ ဝင်းလျှံသစ်လွင်၊ နှစ်စဉ်အတူ
သဘင်ပွဲ၊ ဆင်နွှဲလှူကာ
ပြည်သူချွေးသိပ် စေခဲ့သနော်။

♠ မင်းမြတ်ရာဇာ၊ ခိုင်မာလက်ရုံး
မာန်အထွေထွေ၊ ရန်ချေမှုန်းတော့
ပြည်လုံးချမ်းမြ ပျော်ကြသရှင်။

♠ ရဟန်းရှင်လူ၊ ပြည်သူပေါင်းရုံး
မခွဲမူ၊ တွဲအတူ စည်းလုံးလို့
ရီ (ရယ်) ပြုံးလန်းလှ မော်ကြသရှင်။

♠ ရော်ကာရမ်းမိ
စိတ်ဝမ်းရင်မှာ အေးသည်နှယ်။

♠ မျှော်ကာတမ်းကြည့်
အတိတ်လွမ်းလင်္ကာ ရေးစီခြယ်။

♠ အလိုလေ့အိုင်
ပုဂံမြေမှာ၊ ဝါရွှေရောင်လွမ်းပါလို့
ခမ်းနားလှလေး။ ။

❖ ❖ ❖ ❖ ❖



## မေတ္တာရိပ်

♠ မြင်ပါရသည်
အေးမြပျူငှာ၊ သူ့မူရာ။

♠ တွေ့ပါရသည်
ရွှင်ပျမဆုံး၊ သူ့အပြုံး။

♠ ကြားပါရသည်
ချိုမြကြည်လင်၊ သူ့သံစဉ်။

♠ ခဏချွေးသိပ်၊ သူ့အရိပ်ဝယ်
စိတ်လက်ရွှင်မွေ့၊ ရင်ချမ်းမြေ့ခဲ့
မမေ့ဘယ်ခါ ရှိတော့သည်။ ။

❖ ❖ ❖ ❖ ❖

## မာနတံလျှပ် တောင်ပံစတ်သော်

♠ ငါထင်သမျှ၊ ငါပင်လှသည်
မာနလိပ်ပြာ၊ ဆတ်ဆတ်ခါ။

♠ ငါကျွမ်းသမျှ၊ ငါစွမ်းပြသည်
မာနတောင်ပံ၊ မိုးထက်ယံ။

♠ ငါကြံသမျှ၊ ငါမှန်လှသည်
မာနမီးရောင်၊ ညီးပြောင်ပြောင်။

♠ ငါမြင်သမျှ၊ ငါဆင်သသည်
မာနတံလျှပ် ၊ တဖျပ်ဖျပ်။

♠ ငါတွေးသမျှ၊ ငါရေးချသည်
မာနလေရူး၊ တဟူးဟူး။

♠ သြော်. . .
"ငါနှင့်ငါသာ၊ နှိုင်းစရာ"ဟု
မာနဆံမျှင်၊ အလံတင်၍
ထင်တလွှားလွှား၊ မြင်မှားမှားနှင့်



စကားကြံဆောင်၊ မှန်ယောင်ယောင်နှင့်
အမောင်လုလင်၊ စာဆိုရှင်
အသင်ရေလိုက် လွဲလေပြီ။ ။

❖ ❖ ❖ ❖ ❖

## ဂန္ထဝင်လမင်း အလင်းသံစဉ် (၂)

“ငါနှင့်ငါသာ၊ နှိုင်းစရာဟု
ပညာမုန်ယို၊ အရွယ်ပျိုက
မဆိုစလောက်၊ မာန်စောင်မြောက်၍
နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း
နှောင်းပြီး တစ်ခါ၊ ရိုသေစွာလျှင်
ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်
စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏”
(ရှင်မဟာရဋ္ဌသာရ-ကိုးခန်းပျို့)

♠ အရှင်မဟာ၊ ရဋ္ဌသာရ
အင်းဝစာဆို၊ မြတ်ဘုန်းမိုရ်၏
ကြည်ညိုစဖွယ်၊ စာမျက်သွယ်တည့်
အရွယ်ပျိုမြ၊ ထိုကာလဝယ်
မာနထိပ်ထက်၊ အဆိပ်တက်၍
စိတ်လက်မာန်ပါ၊ မူအရာနှင့်
ငါသာလျှင်၊ ဆရာထင်ကာ
ကျင်လည်မိမှား၊ သိတရား။



♠ သြော်. . .
တရားအသိ၊ မှားခဲ့မိဟု
ရှိသည့်ဝန်တာ၊ ‘ရိုသေစွာလျှင်’
‘ငါ’မာန်ကိုလျှော့၊ ရှင်ကန်တော့ခဲ့
ပျောင်းပျော့ကြည်သာ၊ အရှင့်စာကို
ဖတ်ပါမိရ၊ ထိုခဏတိုင်း
ရွှန်းမြရင်တွင်း၊ မြူခြည်ကင်းသည်
လမင်းသာသည့်နှယ်တကား။

❖ ❖ ❖ ❖ ❖

## မေတ္တာအလင်း

♠ အလင်းနှင့် အမှောင်။
သွေးမတူ မူမနှော
လောက လက်ဆောင်။
'မေတ္တာ' က အလင်းရောင်
အမှောင်က 'အာဃာတ'။
အလင်းရောင် အမှောင်ခွင်းတော့
ဝင်းဝင်းပပ။ ။

❖ ❖ ❖ ❖ ❖



## ရှုန်းပမျက်နှာ လပမာ (တျာချင်း)

♠ မာနတိပ်ပုပ်၊ လွှမ်းအုပ်သောခါ
မေတ္တာလမင်း၊ အလင်းမဝေဖြာ
မာနမျက်နှာ၊ ဘယ်မှာအလှ
ရေမဲ့စမ်းသွင်၊ နွမ်းမရှင်
မြင်သူရင်ပူ ရသည်နှင့်လေး။

♠ မီးနှယ်အုံကြွ၊ လောဘဝေဆူ
ကျွမ်းလောင်မြည့်မြည့်၊ အငွေ့တလူလူ
တွေ့မြင်ရသူ၊ ပူလောင်ရင်တွင်း
လောဘမျက်နှာ၊ ကျည်းတန်စွာ
ကြင်နာအလှ ကင်းသည်နှင့်လေး။

♠ ဒေါသပါးပျဉ်း၊ မာန်သွင်းခေါင်းထောင်
အတ္တအဆိပ်၊ အရိပ်နှယ်မြှောင်
မီးတပြောင်ပြောင်၊ ညီးလောင်ရန်ငြိုး
ဒေါသမျက်နှာ၊ မြင်သူမှာ
ပမာမြွေဟောက် ဆိုးနှယ်သို့လေး။

♠ ဘယ်ခါမညှိုး၊ မြတ်နိုးတွယ်ငင်
မေတ္တာဆင်မှ၊ အလှဝေဝေလွှင်
အေးမြရိပ်သွင်၊ မြင်သူမြေ့ချမ်း
ရွှန်းပမျက်နှာ၊ လပမာ
ကြည်သာအေးရိပ် လွှမ်းသည်နှင့်လေး။

♠ လောကတစ်ဝှမ်း အလင်္ကာနှင်း၍
တေးဖွဲ့သီ

♠ သောကအန္တမ်း ရင်မှာကင်း၍
အေးတော့သည်။ ။

❖ ❖ ❖ ❖ ❖



## ပီတိရင်မှာ အလင်္ကာ

♠ ပန်းကလေး ပမာ။
သူ့မျက်နှာ ကြည်သာလန်း
ချမ်းမြေ့စရာ။
အပြုံးနဲ့ရွှင်စွာ
မြင်ပါရ စိတ်အေး။
ရင်ထဲမှာ ပီတိဖူး
ကြည်နူးရသေး။

♠ ဆည်းလည်းလေးပမာ။
သူ့အသံ ရွှန်းလဲ့လဲ့
ခွန်းနွဲ့ကြည်သာ။
ကြားပါရ အလင်္ကာ
နားဝင်မှာ စိမ့်အေး။
ရင်ထဲမှာ ပီတိဖျန်း
ရွှင်လန်းရသေး။

♠ အမြင်မှာ အသွင်သွင်
တဝင့်ဝင့် တထည်ထည်။

သံသာသာ နှုတ်ချိုပျောင်း
ငြိမ့်ညောင်းလှတယ်။
သမီးလေး ငယ်ငယ်
ချစ်စဖွယ် မူရာလေး။
အဖေ့မှာ ပီတိဖုံး
ပြုံးမိရသေး။ ။

❖ ❖ ❖ ❖ ❖



## သတိတမန် အသိညဏ်

♠ သတိမခိုင်၊ အသိယိုင်၍
ငေးမှိုင်နောင်တ ရဖူးပြီ။

♠ သတိတစ်ချက်၊ အသိပျက်၍
အရှက်နွံတွင်း ဆင်းဖူးပြီ။

♠ သတိတစ်ခြား၊ အသိမှား၍
ဝေဝါးနှုတ်ဆွံ့ တွန့်ဖူးပြီ။

♠ သတိမကိန်း၊ အသိတိမ်း၍
ယိမ်းယိုင်စိတ်နောက် ဖေါက်ဖူးပြီ။

♠ သတိမကွပ်၊ အသိချွတ်၍
စိတ်လွတ်ကိုယ်နွမ်း ရမ်းဖူးပြီ။

♠ သြော်. . .
သတိတမာန်၊ အသိညဏ်ဖြင့်
အမှန်အမှား၊
ပိုင်းခြားထင်ထင်၊ ဧကန်မြင်သော်
အသင်ယောကျ်ားကောင်းတကား။ ။

❖ ❖ ❖ ❖ ❖

## မိုးလမင်း

♠ ကြည့်စမ်းပါ့ မိုးပေါ်မှာ
သာပါရဲ့ လကလေး။
မျက်ခုံးနှယ် ကွေးလျလျ
ပျပျရေးရေး။

♠ ကြည့်စမ်းပါ့ မိုးပေါ်ဆီ
ကြည်လင်တဲ့ လခြမ်းလေး။
တစ်ဝက်သာ ငွေရောင်ဆမ်းပေမယ့်
ချမ်းမြမြအေး။

♠ ကြည့်စမ်းပါ့ ဟိုမိုးပေါ်
ပျော်ရှာတဲ့ ဖိုးလမင်း။
ဝလုံးနှယ် ဝိုင်းဝိုင်းစက်ပြီမို့
သူ့မျက်နှာ ပြုံးယောင်သန်း
လန်းပါဘိခြင်း။ ။

❖ ❖ ❖ ❖ ❖



## ငှက်ကလေးရေ

♠ သိုက်မြုံမှခွာ
အသာထွက်ပြေး၊ ဟိုအဝေးဆီ
ဆိုတေးမသီ၊ ကြာလေပြီမို့
မျှော်ရည်မှန်းဆ၊ လွမ်းပါလှသည်
ချိုမြသီကြွေး၊ ငှက်ကလေးရေ. . ။

♠ ငြိမ့်ညောင်းသံစဉ်၊ ဂန္ဓဝင်ကို
အမြင်တစ်သွယ်၊ မခင်တွယ်ဘဲ
တစ်နယ်သို့ကူး၊ အလည်ကျူးကာ
မေ့မူး၍များ၊ နေသည်လား. . ။

♠ ချိုချိုအေးအေး၊ ဆိုသည့်တေးထက်
ဆူနွေးသံစဉ်၊ ရင်ခန်ချင်၍
ခေါ်ငင်သူ့နောက်၊ လမ်းမှားရောက်ကာ
လမ်းပျောက်၍များ၊ နေသည်လား. . . ။

♠ သိုက်မြုံမှခွါ၊ ပြေးထွက်ရှာစဉ်
မိုးရွာစိုစွတ်၊ အတောင်ကျွတ်၍

ပုန်းဝပ်ခိုကာ၊ တစ်နေရာဝယ်
နာကျင်၍များ၊ နေသည်လား. . .။

♠ ဘယ်သို့တွေးတွေး၊ ငှက်ကလေး၏
ဆိုတေးသံသာ၊ ညံစာစာလျှင်
ရင်မှာခံစား၊ နားမှာကြားယောင်
မမေ့အောင်ပင်
ထောင်နားအစွင့်၊ တံခါးဖွင့်ရင်း
အသင့်ပြင်ကာ၊ ကြိုမောပါမိ
ပြန်လာခဲ့တော့ ငှက်ကလေးရေ. . .။

❖ ❖ ❖ ❖ ❖



## ဂန္ထဝင်လမင်း အလင်းသံစဉ် (၃)

"ပြာစင်မွန်လတ်၊ ဖြူဝင်းမွတ်လျှင်
ကြာညွှတ်ဖယောင်း၊ နေရှိန်ပျောင်းသို့
ဆင့်လောင်းလွှမ်းဝှန်၊ ရှိလိမ့်ဟန်ကို
တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်
ငှက်သွင်ပျံကြွ မတတ်သော်. . . "
(နတ်သျှင်နောင်-ပေါ်နွှေလလျှင်ချီ ပိုဒ်စုံရတု)

♠ တောင်ငူခေတ်ရဲ့
အချစ်မော်ကွန်း၊ ဖွင့်ဆိုညွှန်းတိုင်း
'ရေသွန်းသာကြည်ကြည်၊ ပျော်ရမည်ကို'
ရည်တမှန်းမှန်း၊ ရော်ကာရမ်းရင်း
နွမ်းတသွေ့သွေ့၊ အလွမ်းငွေ့နှင့်
နေ့နေ့ညည
'ရာဇဓါတုကလျာ'၊ သူ့ရုပ်လွှာသာ
ရင်မှာစွဲနှောင်၊ တမ်းမိယောင်သည်
တောင်ငူဘုရင်၊ မင်းနတ်ရှင်။

♠ မျှော်တငေးငေး၊ ဖော်ကွာဝေး၍
‘မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်
ရွေးလျက်ရွှရွှ၊ မဆင်ရ’ဟု
လွမ်းမြကဗျာ၊ တမ်းတပါရင်း
ပေလွှာကိုခြစ်၊ စစ်ကိုလည်းချီ
မတည်နွမ်းစု၊ အလွမ်းထုနှင့်
ရတုဘုရင်၊ မင်းနတ်ရှင်။

♠ ဩော်. . .
မြန်မာစာပေ၊ အမြုတေဟု
ရွှေအဆင်းမြ၊ ဖြေခင်းပြတိုင်း
ကဗျာ့တန်ဆောင်၊ နတ်သျှင်နောင်လျှင်
မမှောင်အဆင်း၊ အရောင်ဝင်းလျက်
လမင်းပမာ၊ ရွှန်းလဲ့ဖြာသည်
ဘယ်ခါမကွယ်ပချေတကား။

❖ ❖ ❖ ❖ ❖



## လွမ်းရာသီ

♠ လေအလာ
ကြွေရှာတဲ့ ရွက်ဝါကလေး။
ညှာမခိုင် လေမှာလျော
မျောလွင် အဝေး။

♠ လေအချီ
ခြွေသီတဲ့ ဥသြ။
တေးပလီ လေမှာလွင့်
ရင်နင့်အောင်မော။

♠ ရော်ရွက်ကြွေ လေအလျော
ဥသြလေး တေးအဆို။
အပူနွေ မြူတွေသမ်းပါလို့
နွမ်းစိတ်ကညို။
ရင်ထဲမှာ ဘာလိုလို
ဟိုသည်သည် လွန့်လူး။
လွမ်းလိပ်ပြာ တောင်ပံခတ်ပြီထင့်
သိတတ်နိုင်ဖူး။ ။

❖ ❖ ❖ ❖ ❖

## ကဗျာပွင့်

♠ သူရောက်လာ၍
မျက်နှာခဏ၊ မြင်လိုက်ရ၏။

♠ သူထွက်သွားလည်း
လှုပ်ရှားမှုရာ၊ သူ့ရုပ်လွှာတို့
ရင်မှာငြိစွဲ၊ ရှိနေဆဲပင်။

♠ တွယ်ငင်ရစ်ပတ်၊ မည်သည့်ဓာတ်ကြောင့်
လှုပ်ခတ်ငြဲမှာ၊ မသိပါလည်း
ကဗျာတစ်ပွင့် ပွင့်ခဲ့ပြီ။ ။

❖ ❖ ❖ ❖ ❖



## လက်ဆောင်မေတ္တာ နှင်းသောစါ

♠ သောကကိုခွာ
မေတ္တာက လေပြည်အေး။
အကြင်နာ ပန်းရနံ့
သင်းပျံ့ပျံ့မွှေး။

♠ မာနကိုခွာ
မေတ္တာက လမင်း॰
အကြင်နာ လရောင်ထွေးတော့
အေးပါဘိခြင်း။

♠ ဒေါသကိုခွာ
မေတ္တာက စိမ့်စမ်း။
အကြင်နာ ရေကြည်ဖျန်းတော့
ချမ်းမြေ့ စိတ်ဝမ်း။

♠ ညံစာစာ သံသာအေးရယ်နဲ့
တေးဆိုသော ငှက်ကလေးပမာ။
ကြားရသူ စိတ်ရွှင်မြူး

ကြည်နူးရင်မှာ။
မေတ္တာဖွဲ့ အကြင်နာ
အလင်္ကာ ချိုတေး။
လောကကို လက်ဆောင်ကမ်း
ချမ်းမြတယ်လေး။ ။

❖ ❖ ❖ ❖ ❖



## မေတ္တာလမင်း ဘယ်ခါလင်းလိမ့်

♠ ရန်ကိုရန်ချင်း၊ တုံ့ပြန်နှင်းဖို့
ဓားချင်းယှဉ်ခုတ် ခဲ့ကြသည်။

♠ ပြိုးသူရန်ဘက်၊ ဒေါသမျက်ကာ
စစ်မက်ပြိုင်ဆိုင် ခဲ့ကြသည်။

♠ ရန်လိုဖိစီး၊ စိတ်နာကြည်း၍
စစ်မီးလောက်မြိုက် ခဲ့ကြသည်။

♠ ရန်ငြိုးရန်စ၊ ရန်မီးခကာ
ဘဝပျက်စီး ခဲ့ကြသည်။

♠ မုန်းမာန်တင်းတင်း
ရန်ချင်းဘက်ပြိုင်၊ ရန်ချင်းဆိုင်ကာ
"ငါ" နိုင်လိုမှု၊ ရန်ဘက်ပြုရင်း
ရာစုများစွာ၊ နှစ်ပေါင်းကြာခဲ့
ငါတို့လူ့ရွာ၊ ဤကမ္ဘာဝယ်
မေတ္တာလမင်း မလင်းနိုင်သေး။ ။

❖ ❖ ❖ ❖ ❖

## တူမနိုင်းသာ

♠ မိုးပေါ်မှာ ဝါဝါဝင်း
လမင်းကြီး ထိန်ထိန်သာ
ရွှန်းလဲ့ ရောင်ဖြာ။
ဘယ်လောက်ပင် သာသာ
မီပါဘူ သူ့အဆင်း
မေ့မေတ္တာ စန္ဒာလက
ကိုးဆယ်ဆလင်း။

♠ ပန်းတစ်ရာ ဖူးငုံပွင့်တွေနဲ့
မြူထုံဝင့် လှိုင်ကာဝေ
သင်းပျံ့ ကြိုင်နေ။
ဘယ်လောက်ပင် မွှေးပါစေ
မီချေဘူ ရနံ့ထွေး။
မေ့မေတ္တာ ပန်းတစ်ပွင့်က
ရင်နင့်အောင်မွှေး။ ။

❖ ❖ ❖ ❖ ❖



## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၄)

"မဲဇလီ ပင်အောက်
ပေါက်လာတဲ့ တမာ
ခါးချက်ကနာ။
ရေသာတစ်လှည့်။
သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့။"
(ရှေးရေကဗျာ)

♠ ဘယ်သူဘယ်ဝါ၊ ရေးခဲ့ပါဟု
စာဆိုနာမ၊ မသိရသော
ရှေးကကဗျာ၊ အလင်္ကာ။

♠ ဟိုရှေးရှေးက၊ ကဗျာလှဟု
ခဏခဏ၊ ဖတ်ခဲ့ရ၏
ခဏထိုခါ၊ ဖတ်တိုင်းမှာလည်း
ကြင်နာနွေးနွေး၊ ရင်မှာအေးလျက်
လေးစားခုံမင်၊ စိတ်ထဲရှင်ကာ

ကြည်စင်ပဝင်း၊ လတစ်စင်းနှယ်
ရင်တွင်း ချစ်မက်နေဆဲတကား။

❖ ❖ ❖ ❖ ❖



## ငှက်ကလေးရဲ့ တေးနဲ့သံစဉ်

♠ တစ်ရက် မမေ့သာဘု
ငှက်ကလေး ကဗျာ။

♠ ကာရန်ဆို သီးချို့မွေးကို
သူကလေး အသာချီ၍
လာလေပြီ ကိုယ့်အပါးမှာ
နားခိုခဲ့ရှာ။

♠ မပျံသေးပါဘဲ
အသံကလေး သာသာ
ဆိုလာတဲ့ သီချင်း။

♠ ကာရန်တို သီးချို့မွေးရယ်ကြောင့်
ငှက်ကလေး အသံသာသည်ထင့်
သီဖွဲ့လာ အလင်္ကာတေးရယ်လို့
ကြည်လှဲ့စွာ ရင်မှာထွေးရတယ်
အေးပါဘိခြင်း။ ။

❖ ❖ ❖ ❖ ❖

## လွမ်းသံသယ

♠ ကိုယ့်ကြောင့်သူ့မှာ၊ မီးပမာ
ပူရှာခဲ့ရ ပေသလော။

♠ ကိုယ့်ကြောင့်သူ့မှာ၊ ရေပမာ
အေးရှာခဲ့ရ ပေသလော။

♠ သို့လော သို့လော၊ စိတ်မှာမောရင်း
လောကီထုပ္ပတ်၊ လူတို့ဇာတ်၌
ဖျတ်ခနဲတွေ့၊ ထိုတစ်ကွေ့ကို
မမေ့တတ်နိုင် တော့ပါပြီ။ ။

❖ ❖ ❖ ❖ ❖



## အတွေးဖွဲ့လေ အေးတဲ့နွေ

♠ နွမ်းသလို ဆိုစကားတွေနဲ့
အလွမ်းဆို ကိုယ်မကြားချင်ဘု
စိတ်အားက ယိုင့်တယိုင်။

♠ မြေပြင်မှာ တဖွေဖွေ
လေနှင်ရာ တဝေ့ဝေ့ရယ်နဲ့
နွမ်းသွေ့ရှာ ရွက်ဝါလေးတွေရယ်လို့
လှမ်းတွေ့ကာ မျက်နှာငေး
ဆွေးတဲ့လို့မှိုင်း။

♠ "ဥဩ,ဥဩ" ရယ်လို့
နှုတ်တယော သံသာသာနဲ့
ဖန်ခါခါ ခွန်းချိုနဲ့ပြန်တော့
လွမ်းဖွဲ့ကို သူသီရှာသလော့
သည်ကမ္ဘာ မြေတစ်ကြောမှာဖြင့်
အမောက တလှိုင်လှိုင်
မခိုင်တဲ့ စိတ်နှလုံး။

♠ မိုးယံ ပြာလွင်လွင်
ရိုးတံ ဖြာဖြာဆင်လို့
ပင်ထက်ဆီ မျှော်ကာကြည့်လေမှ
ရွှန်းအိကာ ပြေစင်စင်နဲ့
ဝေလွင်လွင် မြပုရစ်ဖူးရယ်တို့
နွေအဝင် အလှသစ် ကူးရော့ထင်
ကြည်နူးစရာ မြင်လေပြီမို့
ရင်တွေချီ အတွေးဖွဲ့မိတယ်
(ကိုယ်မှာလေ)
အေးတဲ့လို့ ပြုံး။ ။

❖ ❖ ❖ ❖ ❖



## အမှား၏ အခြားတစ်ဘက်

♠ အမှား အမှား၊ အလွန်များ၏
မှားချင်စရာ၊ ကြောင်းချင်းရာတို့
နေရာတကာ၊ ရှိနေပါ၏။

♠ အမှား အမှား၊ တွေးမိမှား၍
အမှားကွန်ချာ၊ ဝက်ပါဝယ်
မကြာမှောက်မှား၊ကြုံမိမှား၏။

♠ အမှား အမှား၊ မြင်မိမှား၍
အမှားထိုထို၊ နားမချိုဖွယ်
မလိုမလား၊ ဆိုမိမှား၏။

♠ အမှား အမှား၊ ထင်မိမှား၍
အမှားယှက်နွယ်၊ လောကနယ်မှာ
လွယ်လွယ်အမှား၊ ပြုမိမှား၏။

♠ အမှား အမှား၊ ဘယ်သို့မှားစေ
အခြားတစ်ဘက်၊ ဟိုမှာဘက်၌
သင်လက်ခံလျှင်၊ အမှားပြင်ရန်
“အမှန်” တည်ရှိနေတကား။ ။

❖ ❖ ❖ ❖ ❖

## အေးရိပ်မြေ

♠ သူ့အမြင် သူ့သဘော
သူ့မနော သူ့မူရာ။
သူ့လမ်းကို သူပင်ဖောက်
လျှောက်ရမည်သာ။
သူ့ဘဝ သူ့ပုစ္ဆာ
အဖြေရှာ သူ့အလုပ်။
သူ့လမ်းမှာ ကိုယ်မနှောက်
ဝင်ရောက်မရှုပ်။

♠ ကိုယ့်အကြံ ကိုယ့်အတွေး
ကိုယ့်အရေး ကိုယ့်ဝန်တာ
ကိုယ့်အိမ်ကို ကိုယ်ဆင်သ
ပြင်ရမည်သာ။
ကိုယ့်ဘဝ ကိုယ့်အိမ်ရာ
သူလာလို့ မနှော။
ကိုယ့်အိမ်ကို ကိုယ်ပိုင်စိုး
တန်ဖိုးရှိသော။



♠ သူနဲ့ကိုယ် မတူခြားသော်လည်း
အငြင်းပွား ဘယ်မနေ။
ဘဝမှာ အနေတတ်လေတော့
ကျေနပ်စရာပေ။
သူ့အလှ သူ့ငှဝေ
ကိုယ့်စေတနာ ကိုယ်အသိ။
အပြုံးတွေ ကိုယ်စီလန်း
ငြိမ်းချမ်းပါဘိ။ ။

❖ ❖ ❖ ❖ ❖

## အတ္တခေါ်သံ

(၁)

♠ ပြာလဲ့ကြည်စင်၊ စိတ်ရေပြင်ဝယ်
ဘောင်ဘင်လှိုင်းထ၊ မုန်တိုင်းကျသော်
ဒေါသဝင်၍ လာပြီကို။
♠ ဒေါသမုန်တိုင်း၊ ကဆုန်စိုင်းအောင်
စေခိုင်းဘယ်သူ ပြုပါလိမ့်

(၂)

♠ ငြိမ်းအေးကြည်လင်၊ စိတ်လွင်ပြင်ဝယ်
လျှော်ဟည်းထ၊ မှောင်ကြီးကျသော်
လောဘဝင်၍ လာပြီကို။
♠ လျှော်လောဘ၊ တုန်ဟည်းထအောင်
ညွှန်ပြဘယ်သူ စေပါလိမ့်

(၃)

♠ အရင်းစစ်သော်
အမြစ်မြေက၊ အဖြေရသည်
အတ္တ'ငါ' ပင် ဖြစ်သတည်း။ ။

❖ ❖ ❖ ❖ ❖



## ဂန္ထဝင်လမင်း အလင်းသံစဉ် (၅)

"မောင်မင့်သခင်၊ မုန်းပင်စိုက်ပျိုး
ပြေချိန်တန်၍မှ
မပြေနိုင် ငြိုးတတ်သည့်
မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းကြီးကို
ငါမှာတိုင်း ပြောပါလေ. . . "

(ဦးပုည-ဆဒ္ဒန်ဆင်မင်းဝတ္ထု)

♠ ကုန်းဘောင်ခေတ်ရဲ့
ရွှန်းလှစ်လင်းလက်
ကောင်းကင်ထက်က
ပြိုးပြင်ဝင်းပ
အလှဆုံးသော ရတနာ
အသာဆုံးသော လမင်း
ချစ်ခြင်းဖွဲ့ အကြင်နာ
အပြစ်ကင်းတဲ့ အလင်္ကာရယ်လို့
နဘေကဗျာ မြူးခုန်ကြွတဲ့
စလေဆရာ ဦးပုညရဲ့

အချိုမြဆုံး သံစဉ်
'ဆဒ္ဒန်ဆင်မင်း'ဝတ္ထု
(ကျွန်တော်တို့) ဖတ်ရှုခဲ့ကြ။

♠ သြော်- အမုန်းတွေ တနင့်တပိုး
အငြိုးတွေ အသွယ်သွယ်နဲ့
မင်းဆဒ္ဒန်အစွယ်ကိုမှ လိုချင်သတဲ့
မကြင်နာ မဟာဒေဝီတစ်ပါးကိုဖြင့်
ရင်နာစရာ အမှာတွေစီပါးပြန်တော့
ကြားရသူ ရင်မချိသာဘု
ကဝိဆရာစလေ သူ့လက်စွမ်းကို
(ကျွန်တော်တို့မှာလေ)
လွမ်းတသသ။ ။

❖ ❖ ❖ ❖ ❖



## ဝေးလွင့်ရှက်ဝါ

♠ လွမ်းတစ်သက်သက်နဲ့
အခန်းဆက် ကဗျာရှည်။

♠ ရင်ခုန်ရင် အလွမ်း
ရင်နွမ်းရင် အချစ်တဲ့
အနှစ်ထင် လှစ်ရှင်အပြုံးတွေနဲ့
ပြစ်အမြင် ချစ်ခင်တုန်းမှာဖြင့်
အမုန်းမရှိပြီ။

♠ မာနကို ထိန်ဝှက်
ပကာသနကို ချိန်စက်တော့
တိမ်သက်သေ လွင့်လေမျောသည်သို့
အိပ်မက်တွေ ပွင့်ကြွေလျှော့ပြီလား
ဥသြလေး နွေပလီ
ခြွေသီတဲ့ တေးပေထင့်။

♠ အလွမ်းညတာရှည်
ပန်းလျကာ ကဗျာမသီနိုင်တော့

မှီတွယ်လာ နွေဘဝမှာဖြင့်
ရည်ရွယ်ရာ ခြေမချနိုင်ဘု
ကြေကျရှာ ရွက်ဝါကလေးနှယ်
ဝေးတလွင့်လွင့်။ ။

❖ ❖ ❖ ❖ ❖



## အလွမ်းတစ်ရာ ပန်းကဗျာ

♠ အလွမ်းတစ်သွယ်၊ ပန်းတစ်နွယ်ဖြင့်
လွမ်းတယ်စကား ပြောဖူးသည်။

♠ အလွမ်းတစ်ခင်း၊ ပန်းတစ်ခြင်းဖြင့်
လွမ်းတင်းကဗျာ သီဖူးသည်။

♠ လွမ်းတငွေ့ငွေ့၊ ပန်းတစ်ပွေ့ဖြင့်
လွမ်း၍ဝေးငိုင် မှိုင်ဖူးသည်။

♠ လွမ်းတစ်သက်သက်၊ ပန်းတစ်ခက်ဖြင့်
လွမ်းရက်ရှည်၍ နေဖူးသည်။

♠ အလွမ်းရင့်ရင့်၊ ပန်းတစ်ပွင့်ဖြင့်
လွမ်းသင့်ဒဏ်ရာ ရဖူးသည်။

♠ သြော်. . .
အလွမ်းတစ်ရာ၊ ပန်းကဗျာဖြင့်
လွမ်းကြာမုံလက်၊ ဆယ်ဖြာယှက်ကာ
ထိပ်တင်ဦးတင်၊ ဗုဒ္ဓရှင်ထံ

ရင်မှာမျှော်တမ်း၊ ရော်ကာရမ်းရင်း
လွမ်းဆုတွေလည်း ခြွေဖူးသည်။ ။

❖ ❖ ❖ ❖ ❖



## အလွမ်းနာ

♠ ဆိုစဖွယ် အမိုက်ဖက်လေတော့
အငိုလွယ် မရှိုက်ခက်ပြီထင့်
ပင့်သက်က အခါခါ။

♠ အတွေ့မှာ ခုံမင်
မမေ့သာ ပုံပြင်မဟုတ်သည်မို့
လွမ်းရုပ်ရယ် တစ်သွယ်ဆင်လို့
တစ်နွယ်ငင် တစ်မျှင်တန်းပြီလား
နွမ်းလျရင်မှာ။

♠ ရင်နာစရာ အလွမ်းဇာတ်ရယ်လို့
အကြင်နာ တစ်ခန်းရပ်သော်လည်း
မပြတ်တဲ့ ကြိုးပမာ
တိုးလို့သာ နှောင်ဖွဲ့။

♠ အလွမ်းငွေ့ရင်မှာ
ကျွမ်းမြည့်ကာ မရှင်သာဘု
ယခင်ခါ အတိတ်လမ်းဆီသို့

မျှော်တမ်းကာ လည်ပြန်ငေးလို့ရယ်
ဆွေးတယ့်ယ့်။ ။

❖ ❖ ❖ ❖ ❖



## ကြမ္မာ

♠ တစ်ခါတစ်ခါ
သံဝါတုန်ဟည်း၊ ရှိုက်ငိုညည်းသို့
မြေကြီးမြေလွှာ၊ သွက်သွက်ခါသော်
ရင်မှာတုန်လှုပ်၊ သွေးအားဆုတ်၏။

♠ တစ်ခါတစ်ခါ
သံဝါဟူးရှိုင်း၊ ကဆုန်စိုင်းလျက်
မုန်တိုင်းအော်မြည်၊ ဒေါမာန်ချီသော်
ဆောက်တည်ရာမဲ့၊ အားကိုးမဲ့၏။

♠ တစ်ခါတစ်ခါ
သံဝါရိုက်ချုန်း၊ တဝုန်းဝုန်းနှင့်
လှိုင်းလုံးခုန်ပေါက်၊ ကမ်းပေါ်ရောက်သော်
ကြောက်အားလန့်အား၊ ပူပန်ပွား၏။

♠ တစ်ခါတစ်ခါ
သံဝါစုံးစုံး၊ တဟုန်းဟုန်းနှင့်
မီးလုံးမီးလျှံ၊ ဝါးမျိုပြန်သော်
အန္တရာယ်ဘေး၊ သက်လုပြေး၏။

♠ မြေလေရေမီး
ခတ်ကြီးလေးပါး၊ တစ်ပါးပါးက
ဆိုးရွားအမျက်၊ ဒေါသထွက်သော်
ပျက်စီးခြင်းငှာ၊ ကြုံကြရှာသည်
ကမ္ဘာသူသား၊ လူအများ။ ။

❖ ❖ ❖ ❖ ❖



## ခြေရာမဲ့ ဝေဒနာ

♠ သူ့မျက်နှာ အညှိုးရိပ်နဲ့
စိုးထိတ်တဲ့ ပုံအသွင်
လှမ်းတဲ့လို့မြင်။
ရင်ထဲမှာ နာကျင်
မရှင်နိုင် ကိုယ့်အတွေး။
ဘယ်အကြောင်း ဘယ်အရာကြောင့်
သူ့မျက်နှာ အပူဟပ်ပါလို့
သိတတ်နိုင်သေး။

♠ သူ့မျက်နှာ ဆွေးယဲ့ယဲ့နဲ့
ငေးမဲ့မဲ့ မူအရာ
တွေ့မိပြန်ပါ။
ရင်ထဲမှာ ဝေဒနာ
ပင့်သက်ဖြာ ကိုယ့်အတွေး။
ဘယ်အချင်း ဘယ်အရာကြောင့်
သူ့မျက်နှာ ငေးယောင်သန်းပါလိမ့်
မှန်းတတ်နိုင်သေး။

♠ လမ်းပေါ်မှာ ခရီးဆက်ကြ
မျက်နှာတဲ့များစွာ။
မွှေ့မရှင် နေ့စဉ်တွေ
မမေ့သည်သာ။
အတွေးနဲ့ စာနာ
ညှာတာတဲ့ စိတ်ကလေး။
ဘယ်အရေး ဘယ်အရာကြောင့်
ကိုယ့်ရင်မှာ ဖိုကာမောပါလိမ့်
ပြောတတ်နိုင်သေး။ ။

❖ ❖ ❖ ❖ ❖



## လွှန်ပွဲများ

♠ အနိုင်နဲ့ အရှုံး
အမှိုင်နဲ့ အပြုံး။

♠ အအေးနဲ့ အပူ
အပေးနဲ့ အယူ။

♠ အငြိုးနဲ့ အချစ်
အကျိုးနဲ့ အပြစ်။

♠ လုယက်အနိုင်
တုဖက်အပြိုင်သော်
ပိုင်နက်မရှိ ချေတကား။ ။

❖ ❖ ❖ ❖ ❖

## ပိုးဖလံမျိုး မီးကိုတိုးမြဲ

♠ ပိုးဖလံလျှင်
အလျှံဝင်းဝင်း၊ မီးသို့ချဉ်းခိုက်
အတင်းဝှေ့တိုး၊ အတောင်ကျိုး၍
ဖျိုးဖျတ်ခုန်ဆွ၊ တရွရွ။

♠ အတောင်တစ်ဖက်၊ ကျိုးနေလျက်လည်း
ထလျက်ဝဲပျံ၊ ဇွတ်တိုးပြန်သော်
တောင်ပံမီးခ၊ လွင့်စဉ်ကျ၏။
ဒုက္ခသည်းထန်၊ ပူမီးဒဏ်နှင့်
ဖလံပိုးငယ်၊ သနားဖွယ်။

♠ ဩော်. . . ရှေးကဆိုရိုး
"ပိုးဖလံမျိုး၊ မီးကိုတိုး
ကိုယ်ကျိုးနည်းလှပြီ"တဲ့

♠ ဆိုခဲ့မိန့်မှာ၊ ကြာတောင့်ကြာလည်း
သစ္စာအလား၊ ထိုတရားလျှင်
မမှားနိုင်သေးပါတကား။ ။

❖ ❖ ❖ ❖ ❖



## မြို့ပြအနွမ်း အလွမ်းလိပ်ပြာ

♠ မြို့ပြရဲ့ကဗျာ။
ညံဆူဆူ လူတွေရှုပ်
သုတ်သုတ်ပျာပျာ။
အပူလှိုင်းတွေနဲ့
လူတိုင်းရဲ့ရင်မှာ
မြင်သာတဲ့ အနွမ်း။
ဝမ်းတစ်ထွာ အရှာခက်တယ်
စိတ်လက်ပင်ပန်း။

♠ မြို့ပြရဲ့ကဗျာ။
လမ်းပေါ်မှာ တရိပ်ရိပ်နဲ့
ထိတ်ထိတ်ပျာပျာ။
ရင်တမမရယ်နဲ့
မရွှင်မပျ စိတ်မှာ
သည်သို့လာ ဟိုသို့ကူး။
တိုးဝှေ့ကာ ရွှေ့ရွှေ့မျော
မောပါဘိ-ဟူး။

♠ မြို့ပြရဲ့ကဗျာ။
တစ်နေကုန် တစ်နေခန်း
နွမ်းလျှလိပ်ပြာ။

တမ်း တ,တတရယ်နဲ့
အလွမ်းမြ ဝေဒနာ
မပြေသာ အမော။
နေညိုချိန် ဘယ်ဆီလှမ်းရပ့်၊
ပန်းလှပြီကော။ ။

❖ ❖ ❖ ❖ ❖



## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၆)

"သူ့ကိုချီးမြှောက်၊ ကိုယ်ဂုဏ်မြှောက်၏
ယွင်းဖောက်အလို၊ ဝန်မတိုနှင့်
သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏
စည်းစိမ်အရာ၊ သူ့ချမ်းသာ၌
ဣဿမပြု၊ ဝမ်းမြှောက်ရှုလော့
သူ့ကိုစောင့်မှ၊ သူကကိုယ့်ကို
ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏"
(မန်လည်ဆရာတော်-မဃဒေဝလင်္ကာသစ်)

♠ မန်လည်ဆရာတော်၊ မြတ်ဘုန်းမော်ဟု
ပူဇော်ဦးချ၊ မှန်းရည်ဆကာ
ချိုမြကဗျာ၊ ဆိုရပါခဲ့
လင်္ကာမျက်ရွဲ၊ စာပုလဲတို့
စွဲမှတ်ဖွယ်ရာ၊ အဖြာဖြာ။

♠ 'သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်'သတဲ့
အံ့လောက်စရာ၊ ဆိုမိန့်မှာ။

♠ ‘သူ့ကိုဂုဏ်နှိမ်၊ ကိုယ့်ဂုဏ်နှိမ့်’သတဲ့
ဆိုမိန့်ခဲ့ပါ၊ ထိုသစ္စာ။

♠ ဝန်တိုကင်းမှ၊ ချမ်းသာရသတဲ့
ဒဿနအမှန်၊ ညွှန်ခဲ့ပြန်။

♠ မေတ္တာတုံ့လှယ်၊ ကူးရက်ရှယ်သတဲ့
ဘယ်ခါမမှား၊ ထိုတရား။

♠ သြော်. . .
အရှင်စာဆို၊ မြတ်ဘုန်းမိုရ်၏
နှစ်လိုသဖွယ်၊ စာမျက်ခြယ်တို့
ဘယ်ခါမယွင်း၊ ရောင်ဝါလင်းသည်
လမင်းပမာ ပါတကား။

❖ ❖ ❖ ❖ ❖



## ရှက်

♠ သူ့အကျိုး ကိုယ်မလို
ငြူငြင်တဲ့ စိတ်ထား။
လောကမှာ အနေခက်
ရှက်ဖွယ်တကား။

♠ သူ့အကြောင်း အကောင်းမဆို
ဝန်တိုတဲ့စကား။
ကိုယ့်ဂုဏ်ကို ကိုယ်ပြန်ဖျက်
ရှက်ဖွယ်တကား။

♠ သူ့အလှ ကိုယ်မမြင်
အကြင်နာမဲ့ တရား။
မနာလို မေတ္တာပျက်
ရှက်ဖွယ်တကား။

♠ မာနတွေ ဗရပွနဲ့
အတ္တကို ရှေ့တန်းတင်။
အရာရာ မစ္ဆရိယနဲ့

စိတ်ကပြုံပြင်။
ပုံပန်းက မကြည်လင်
သွင်ပြင်က မခန့်ညား။
လမင်းကို ငပုပ်ဖမ်းသည်သို့
ညစ်နွမ်းလှတကား။ ။

❖ ❖ ❖ ❖ ❖



## လူ့သမိုင်းကို ထုဆစ်ခြင်း

♠ အသက်ဇီဝ
ဘဝတွယ်ငင်၊ နွယ်တစ်မျှင်နှယ်
ရှင်သန်းလှုပ်ရှား၊ လူသားအဖြစ်
ကျောက်ခေတ်,သံခေတ်၊ ကျေးကျွန်ခေတ်မှ
ခေတ်ပေါင်းများစွာ၊ ဖြတ်သန်းလာကြ
ရာစုနှစ်ချီ၊ ကြာလေပြီ။

♠ လှည်းခေတ်,လှေခေတ်၊ သမ္ဗန်ခေတ်မှ
လျှပ်စစ်ရထား၊ မော်တော်ကားနှင့်
တိမ်ကြားမိုးယံ၊ လေယာဉ်ပျံနှင့်
စုန်ဆန်သင်္ဘော၊ လွင့်မျောပင်လယ်
ဆက်နွယ်ကူးသန်း၊ အံ့မခန်းနိုင်
မှတ်တမ်းမော်ကွန်း၊ တစ်ခေတ်ထွန်းကြ
ညွှန်းဖွဲ့မမီ၊ လူ့စွမ်းရည်။

♠ လူတို့အစွမ်း၊ အံ့ဘနန်းကား
ခမ်းနားဂုဏ်အင်၊ ပုံပြင်မဟုတ်

ပြယုဂ်ထင်ထင်၊ မှတ်ကျောက်တင်ရ
ရင်သပ်ရှုမော၊ ကျော်တစော။

♠ အကျော်တစော
အံ့ဩဘနန်း၊ လူ့အစွမ်းဟု
ခမ်းနားထည်ဝါ၊ ဆိုကြပါလည်း
မာနညီးလျှံ၊ အတ္တမာန်နှင့်
ခက်ထန်ဒေါသ၊ လူ့လောကား
ဘာမျှမပြောင်းလဲပါတကား။ ။

❖ ❖ ❖ ❖ ❖



## ရွှေလျားနေသော နေ့များ

♠ တစ်နေကုန် တစ်မိုးချုပ်
ခပ်သုတ်သုတ် ကပျာကယာ။
အချိန်တွေ လွင့်ကြွေမျော
ကျောခိုင်းထွက်ခွာ။
မနေ့က ကဗျာ
သည်နေ့မှာ အတိတ်။
သံစဉ်တွေ မျက်နှာညှိုး
တိုးတိုး နှုတ်ဆိတ်။

♠ တစ်နေကုန် တစ်နေခန်း
ခြေလှမ်းကာ ရာထောင်ချီ။
ရက္ကန်းရှယ် လူးလာခတ်
ဖြတ်သန်းခဲ့ပြီ။
စက္ကန့်မှ နာရီ
မကြာမီ နောက်တစ်နေ့။
ရှေ့တူရူ ကိုယ့်ခရီး
မငြီးမငွေ့။

♠ နေ့များစွာ တရစပ်
မရပ်နား သံသရာ။
တစ်နေ့ကုန် တစ်နေ့ပြောင်း
ညောင်းခဲ့ရှည်ကြာ။
အိုခြင်းကွဲ့ 'ဇရာ'
ရောက်လာလေပြီကော။
ခရီးသည် ဘယ်ဆီလှမ်းရပ့်၊
နွမ်းလျလျမော။ ။

❖ ❖ ❖ ❖ ❖



## မာနပြိုင်ပွဲ

♠ သူကလည်းသူ၊ သူ့အယူနှင့်
တစ်လူ တစ်မင်း. . . ။

♠ ငါကလည်းငါ၊ ငါ့သိက္ခာနှင့်
ငါဧကရာဇ်. . . ။

♠ ဖြစ်ရသည်မှာ၊ သူနှင့်ငါ
မာနပြိုင်ကြ၊ နိုင်မရ
လောကဟားတိုက် ရယ်သတည်း။ ။

❖ ❖ ❖ ❖ ❖

## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၇)

"ထီးသုဦးနန်းသုဦး၊ မြို့သုဦးသုည
သုဦးသုံးဝဖြင့်၊ သုဦးရပြန်လစ်
သုညခေတ်ဝယ်
ဖြစ်လာရလေ၊ တို့တစ်တွေသည်
သေသော်မှတည့် ဩော်ကောင်း၏"
(ဆီးဘန်နီဆရာတော်-တစ်ဖန်မှတ်စေချီရတု)

♠ ရွှေမှန်ကင်းမှ၊ ထင်းတစ်ဖြစ်လဲ
သည်းအူနှလုံး၊ ပျက်ကြွေပြုန်းသို့
ရှုံးခဲပြီကော၊ ဆို့နစ်မျောရင်း
သောကရင်မှာ၊ မဖြေသာပြီ
မြန်မာပြည်သား မျိုးချစ်များ။

♠ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ်ကြင့်နန်းကား
ညှိုးနွမ်းကြေကျ၊ မြေသို့ခပြီ
ဘဝနွံနစ်၊ သုညခေတ်ဝယ်
'ဖြစ်လာရလေ၊ တို့တစ်တွေသည်
သေသော်မှတည့်၊ ဩော်ကောင်း၏'ဟု



မချိနှလုံး၊ မျက်ရည်ဖုံးကာ
ယူကျုံးမရ၊ သတ္တိပြလျက်
အုံကြွတော်လှန်၊ အသေခံသည်
မြန်မာပြည်သား၊ မျိုးချစ်များ။

♠ ဩော်. . .
ဆီးဘန်နီဆရာတော်၊ ထေရ်အကျော်ဟု
ပူဇော်ဦးချ၊ ဖူးမဝပြီ
မြန်မာ့ရပ်ဌာန်၊ တို့နိုင်ငံ၏
ရှင်သန်ယုံမှတ်၊ ဂုဏ်ဒြပ်လျှင်
'လွတ်လပ်ခြင်း'သာ၊ ချုပ်အခြာဟု
လက်ာမော်ကွန်း၊ ဖွဲ့ဆိုညွှန်း၍
ထွန်းလင်းပြခဲ့သည်တကား။ ။

❖ ❖ ❖ ❖ ❖

## ရတနာပုံ နန်းမြို့ဟောင်းခွ (တျာချင်း)

♠ နန်းတော်မြို့ရိုး၊ ပြအိုး,ပစ္စင်
ဝန်းလည်းရံခ၊ စိမ်းမြ ကျုံးရေပြင်
အောက်မေ့ဖွယ်ပင်၊ နာကျင်ရော်ရမ်း
အတိတ်ရာဇဝင်၊ ပြန်ပြောင်းမြင်
ရင်မှာမျှော်ယောင် တမ်းသည်နှင့်လေး။

♠ ကိုယ့်ထီးကိုယ့်နန်း၊ ကြွင့်နန်းကိုယ်ပိုင်
ထီးဖြူနန်းရိပ်၊ ဘိသိက် ကယ်မြိုင်
အရှင်နှစ်ပါးဆိုင်၊ ထိုင်တော်မူရင်း
မူးမတ်ဗိုလ်ပါ၊ စုံလင်စွာ
ညီလာသဘင် ကျင်းသည်နှင့်လေး။

♠ ကြမ္မာယိုယွင်း၊ နိမ့်ဆင်းဇာတာ
ထီးကျိုးစည်ပေါက်၊ ဖြေဖျောက်မစွမ်းသာ
တို့တိုင်းမြန်မာ၊ ကြုံလာကံညှိုး
နယ်ချဲ့သူ့ထံ၊ လည်စင်းခံ
နိုင်ငံကျွန်အဖြစ် ဆိုးသည်နှင့်လေး။



♠ အိပ်မက်မှုန်း၊ ကျိုးကြောင်းစီရီ
လွှပ်လပ်ခဲ့ရ၊ ကာလ ကြာလေပြီ
တို့တိုင်းမြန်ပြည်၊ စည်ပါစေသော
ဆန္ဒရင်မှာ၊ တွေးယှက်ဖြာ
ခါခါဆုခြွေ စောသည်နှင့်လေး။

♠ လှသောညနေခင်း ကျုံးနံဘေးမှာ
မှိုကာနွမ်းလို့ အတည်။

♠ ဘဝအမော ခဏဖြေရင်း မဆုံးတေးကဗျာ
သီကာ လွမ်းမိသည်။ ။

❖ ❖ ❖ ❖ ❖

## သူရဲကောင်းတို့ ခေါင်းလောင်းသံ

♠ မြို့လုလင် မြို့သူကြီး
မင်းကြီးကွဲ့ ရွှေလရောင်။
ကျွန်စိတ်ကို ဘယ်မမွေး
သွေးကမကြောင်။
မျိုးချစ်စိတ် ညီးပြောင်
မီးတန်ဆောင် အလား။
နယ်ချဲ့ကို သူအန်တု
မမှုတကား။

♠ ကျွန်နိုင်ငံ တံဆိပ်ခပ်
ကျွန်ဇာတ်သွင်း ဘယ်မခံ။
ရရာရာ လက်နက်ဆွဲ
ကိုင်ဆွဲတော်လှန်။
သံမဏိ ဇာတိမာန်
ညှို့မခံ ရဲရဲဝံ။
နယ်ချဲ့ထံ ဒူးမထောက်
မကြောက်မရွံ့။



♠ ကိုလိုနီ သမိုင်းအစ
ရိုင်းခဲ့ရ ရာဇဝင်။
မျိုးချစ်တွေ သွေးမြေခ
ကျခဲ့သည်ပင်။
မော်ကွန်းထိုး ကမ္ပည်းတင်
မြို့လုလင် သူရဲကောင်း။
ဗိုလ်လရောင် အရောင်မညှိုး
ထိုးခဲ့ခေါင်းလောင်း။ ။

❖ ❖ ❖ ❖ ❖

## ဘုရင့်နောင်ပြန်တမ်း

♠ ကူးတို့ဖောင်နှင့်
သယ်ဆောင်ကူးဖြတ်၊ ကမ်းသို့ကပ်ပြီ
အကြပ် စစ်သည်၊ ကိုယ်စီချင်းနင်း
ဖောင်မှဆင်းကြ
တလင်းစစ်မြေ၊ ရှေးရှုချေသော်. . .။

♠ ရန်သူအင်အား၊ များလည်းများစွ
စိတ်ထားတွေဝေ၊ တွန့်ဆုတ်ချေသော်
မပြေစစ်ရေး၊ အောင်ဖို့ဝေးလိမ့်
တွေးမျှော်ချိန်ဆ၊ ထိုခဏဝယ်. . .။

♠ ကမ်းစပ်ကဖောင်၊ နောက်မှာမြှောင်လျက်
မအောင်ခဲ့သော်၊ နောက်သို့မျှော်ကာ
မလျော်မကန်၊ နောက်ကြောင်းပြန်အံ့
အံကြိတ်တင်းတင်း၊ မာန်ပြင်းပြင်းဖြင့်
"ချက်ချင်းနာခံ၊
ကမ်းယံသောင်စပ်၊ ချည်နှောင်လတ်သည်
ရပ်နားစုရုံး၊ ဖောင်အားလုံးကို



အဆုံးတိုင်ချေ၊ ဖျက်ကြလေလော့
သေခြင်းမရှုံ၊ မတွန့်ကြနှင့်
စွန့်ကြရဲရဲ
တိုက်ပွဲဝင်စို့၊ သွေးသောက်တို့" ဟု
သို့နှယ်စကား၊ မိန့်မှာကြားသော်. . .။

♠ သေလျှင်မြေကြီး၊ ရှင်ရွှေထီးဟု
မီးတောက်မီးလျှံ၊ ဇွဲစိတ်မာန်နှင့်
ခက်ထန်မုန်တိုင်း၊ ကဆုန်စိုင်းသို့
မဆိုင်းမတွ၊ ချေမှုန်းကြ၏
ရခဲ့အောင်လံ၊ ခြိမ့်ခြိမ့်ညံသည်
နိုင်ငံအသိ၊ သမိုင်းရှိ။

♠ ဩော်. . .
'ကျော်ထင်နော်ရထာ' ဘွဲ့မဟာနှင့်
နာမထင်ရှား၊ ခိုင်မတ်မားခဲ့
ဝင့်ကြွားမြင့်ခေါင်၊ 'ဘုရင်နောင်လျှင်'
ဖောက်ဖျက်ပြခဲ့သည်တကား။ ။

❖ ❖ ❖ ❖ ❖

## ရွှေပြည်ကုန်းဘောင် ရန်ကြီးအောင်

♠ ရွှေပြည်ကုန်းဘောင် ရန်ကြီးအောင်
တန်ဆောင်ဆီမီး ဖြန့်သည်နှယ်
အခေါင်ပြည်ကြီး ခန့်ခဲ့တယ်။

♠ ကုန်းဘောင်စည်ကြီး၊ ရိုက်ဆော်တီး
ရွှေထီးခက်ဝေ ဆင့်သည့်နှယ်
ရေမီးကျက်သရေ တင့်ခဲ့တယ်။

♠ ကုန်းဘောင်ဓားစွမ်း၊ အံ့ဘနန်း
ဖြန်းဖြန်းကြက်သီး ထခဲ့တယ်
လျှမ်းလျှမ်းထက်ပြီး မြခဲ့တယ်။

♠ ကုန်းဘောင်ထီးရိပ် နယ်နိမိတ်
အေးရိပ်ညီတူ လွှမ်းသည့်နှယ်
ချွေးသိပ်ပြည်သူ လန်းခဲ့တယ်။

♠ ကုန်းဘောင်ပြောသံ လွင့်လွင့်ပျံ့
ကျောင်းကန်ရိပ်မှာ ညံ့ခဲ့တယ်
ပြောင်းဆန်ရိက္ခာ လျှံခဲ့တယ်။



♠ 'ဦးအောင်ဇေယျ' နာမ
ရာဇမင်းကောင်း၊ ရွှေထီးဆောင်း
'အလောင်းမင်းတရား'၊ လွန်ထင်ရှား
စွန့်စားတည်ထောင်၊ ပြည်ကုန်းဘောင်
နှုန်းဆောင်စိန်ကျောက် ပွင့်သည်နှယ်
ဘုန်းရောင်ထိန်တောက် ဝင့်ခဲ့တယ်။ ။

❖ ❖ ❖ ❖ ❖

## သူ့ရဲ့ကောင်းသို့ လွမ်းချင်းလကော်

♠ ဗုံးဆန်အမြောက်၊ ပေါက်ကွဲညံဆူ
အူအူယမ်းငွေ့၊ မိုးလုံးဝေ့၏
ထိုနေ့ထိုရက်၊ ကမ္ဘာပျက်သို့
စိတ်လက်ညှိုးချုံး၊ မရှင်ပြုံးကြ
ဗုံးဒဏ်သင့်ကာ၊ ကျဆုံးရှာသည်
မဟာဗန္ဓုလ စစ်သူကြီး။

♠ နယ်ချဲ့ရန်သူ၊ ကုလားဖြူ၏
ရန်မူကျော်ကျူး၊ ထိုစစ်ဦး၌
ဒူးမထောက်မာန်၊သန္နိဋ္ဌာန်ဖြင့်
ခုခံစစ်ပွဲ၊ တော်လှန်နွှဲရင်း
ရဲရင့်လှစွာ၊ ကြွေလွင့်ရှာခဲ့
မဟာဗန္ဓုလ စစ်သူကြီး။

♠ မြန်မာပြည်သား၊ ဇာနည်ဖွားဟု
ထိပါးရန်မူ၊ ကျူးကျော်သူကို
လွှင့်ထူမာန၊ သတ္တိပြရင်း
မချမျိုးမာန်၊ အဓိဋ္ဌာန်ဖြင့်
တွန်းလှန်ခိုက်မှာ၊ သက်စွန့်ရှာခဲ့
မဟာဗန္ဓုလ စစ်သူကြီး။

♠ 'မဟာဗန္ဓုလ'၊ ဤနာမကား
မြန်မာ့သမိုင်း၊ ညွှန်းလေတိုင်းလျှင်
လှိုင်းသို့ပြင်းထန်၊ ဖွဲ့စိတ်မာန်နှင့်
ရှင်သန်ရိုက်ချန်း၊ ပြည့်လက်ရုံးဟု
ယူကျုံးမရ၊ နှမြောကြ၏
လွမ်းတရင်းသာ၊ အသည်းနာသည်
မဟာသူရဲကောင်း ပါတကား။ ။

❖ ❖ ❖ ❖ ❖

## မြန်မာ ဥဒါန်း

♠ တို့ဘိုးတို့ဘေး၊ အသက်ပေး၍
စတေးမြှုပ်နှံ၊ အသေခံသည်
နိုင်ငံလွတ်ရေး ပါတကား

♠ နိုင်ငံလွတ်ရေး၊ သတ္တိသွေးဖြင့်
ရေးခဲ့ဖော်ညွှန်း၊ မော်ကွန်းအမှာ
ပုံရိပ်လွှာလျှင်
ကမ္ဘာမကြေ ပါတကား။

♠ ကမ္ဘာမကြေ၊ မြန်မာပြည်ဟု
စိတ်နေရဲရဲ၊ စိတ်ဖွဲ့မြင့်မြင့်
လွှင့်ထူရင့်သန်၊ ဇာတိမာန်လျှင်
နိုင်ငံဝိညာဉ် ပါတကား။ ။

❖ ❖ ❖ ❖ ❖



## ဂန္ဓဝင်လမင်း အလင်းသံစဉ် (ဂ)

"သပြေနုချိန်တင်ရန် ပန်းတွေကလည်း
များလိုက်ပါဘိသနဲ့
ဖေပုရှိန် အင်္ဂလန် နန်းမြေသွားတို့မှာဖြင့်
အားမြောက်ဖွယ် ကြံလွယ် ဖန်လွယ်နဲ့
အန္တရာယ် ရန်စွယ်မောင်းပါလို့
မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနဲ့
ဆုတောင်းကာ ပတ္တနာ တင်တဲ့ပြင်. . . "
(ဆရာကြီးသခင်ကိုယ်တော်မှိုင်း-ဒေါင်းဋီကာသစ်)

♠ နယ်ချဲ့နှောင်ကြိုး
ရိုက်ချိုးတွန်းလှန်၊ လွတ်လပ်ရန်ဟု
နိုင်ငံသားကောင်း၊ လူငယ်ပေါင်းတို့
ထောင်းထောင်းထန်ထန်၊ ဇာတိမာန်ဖြင့်
ရန်းကန်ကြိုးပမ်း၊ အံ့မခန်းတည့်
မှတ်တမ်းကဗျာ၊ အဖြာဖြာကို
လင်္ကာသွေးနှီး၊ ကမ္ဘည်းထိုးခဲ့
အဘိုးသခင် ကိုယ်တော်မှိုင်း။

♠ အဘိုးမှိုင်း၏
လှိုင်းသို့ပြင်းထန်၊ မျိုးသားမာန်နှင့်
နိုင်ငံချစ်စိတ်၊ ဇာတိဟိတ်ကား
ဖိနှိပ်မရ၊ ရုပ်လုံးကြွလျက်
ဝင်းပညီးပြောင်၊ မီးတန်ဆောင်နှယ်
အခေါင်နေမျိုး၊ ဖြန့်ကြက်မိုးသည်
'ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်မြစေစော
ဒေါင်းအိုးဝေရယ်လို့ တွန်စေကစေသော'။

♠ ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့်၏
ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
တိုင်းပြည်အရေး၊ အစဉ်တွေးကာ
'ဝေးခရီးကပေမယ့်
အရေးကြီးလျှင်ဖြင့်
သွေးနီးရာ ပါစမြဲပေမို့
ဆရာလည်းကွာ ပထမအရင်က ကနဦးဆီက
မြန်မာ့တစ်ခွင်မှာ သမ္မတရှင်ဘုရင် မလူးခင်ပ
(ထ)ဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့
ထီမထင် ကျောင်းတော်သားတွေရဲ့



အမည်အစဉ်မှာ ခေါင်းပေါ်အဖျားမှာလ
မင်းရို့ဆရာကို စာရင်းတို့ကာ
ထားလိုက်ကြပေတော့'တဲ့။

♠ ဩော်-အဘိုးမှိုင်း၏
သတ္တိထွန်းပြောင်၊ စာကလောင်ကား
အမှောင်ခြေခွင်း၊ ငွေလမင်းနှယ်
သတင်းဂုဏ်သိန်၊ မယွင်းမှိန်ပြီ
ထိန်ဆဲလင်းဆဲ ပါတကား။

❖ ❖ ❖ ❖ ❖

## မညှိုးဂုဏ်ရည် နဂါးနီ

♠ “ နဂါးနီ တန်ခိုးနဲ့
အမျိုးဂုဏ် တက်စေမည်”။
ကျွန်နိုင်ငံ အိပ်မက်ဆိုးမှ
နိုးထလေပြီ။
မြန်မာပြည်
သာကီနွယ် သခင်မျိုး။
အကြောင်းကံ ဘယ်မလှလို့
ကြုံရဖြစ်ဆိုး။

♠ ‘နဂါးနီ’ မြည်သံဟည်း
ကိုယ့်ထီးနဲ့ ကိုယ့်နိုင်ငံ။
ဇာတိဂုဏ် အဟုန်နှိုး
ပျိုးခဲ့ အားမာန်။
နိုးထကြ အမြန်
ရေဆန်ကွဲ့ ခရီး။
တို့တိုင်းပြည် ဆင်းရဲတွင်းက
ကင်းလွတ်ဖို့နီး။



♠ ‘နဂါးနီ’ တံခါးဖွင့်
ကြွားဝင့်ကြ လူငယ်တွေ။
အမျိုးဂုဏ် ဇာတိသွေးတို့
နွေးပွက်ခဲ့ပေ။
တို့ပိုင်တဲ့ တို့မြေ
တို့တစ်တွေ ရင်မှာစွဲ။
ဇာတိမာန် အလံလွှင့်
မြင်ခဲ့သည်ပဲ။ ။

❖ ❖ ❖ ❖ ❖

## ဦးဥတ္တမ(သို့မဟုတ်)နယ်ချဲ့စိန်ခေါ် ဆရာတော်

♠ “ ကရက်ဒေါက်” ခေါ်
မောက်မာခက်ထန်၊ ဘုရင်ခံကို
ပြန်သွားချက်ချင်း၊ တို့ပြည်တွင်းမှ
အလျဉ်းလက်မခံ၊ ရာဇသံလျှင်
မြန်ပြည်တစ်လွှား၊ တုန်ခါသွားသည်
ပြတ်သားလှသော ဆရာတော်။

♠ သူ့ကျွန်ဘဝ
ကာလရှည်စိုး၊ အိပ်မက်ဆိုးမှ
နိုးထအမြန်
တို့နိုင်ငံဖွား၊ တိုင်းရင်းသားတို့
ဤကားတို့ပြည်၊ မမေ့ချေနှင့်
မိန့်ခြွေမာန်တင်း၊ ဟောချက်ပြင်း၏
ကြောက်ခြင်းမရှိ၊ ရဲပါဘိသည်
သတ္တိပြောင်သော ဆရာတော်။

♠ ‘အမျိုးမြန်မာ’
ဝံသာနုစိတ်၊ ဇာတိဟိတ်ကို
ဖိတ်ဖိတ်လက်လက်၊ အရောင်တက်အောင်



ထွက်ခဲ့ခရီး၊ မညည်းမညူ
နေပူမိုးရွာ၊ မမှုပါချေ
မြို့ရွာတစ်ကြော၊ လှည့်လည်ဟော၏
ဒေါမာန်ထက်သော ဆရာတော်။

♠ ဟောရဲပြောရဲ၊ သတ္တိဇွဲကို
ဖြိုခွဲဖိနှိပ်၊ စစ်ပုလိပ်က
လက်ထိပ်တန်းလန်း၊ လိုက်လံဖမ်း၏
ထောင်တန်းမကြောက်၊ ရဲရဲတောက်လျက်
ယောက်ျားကောင်းမှန်၊ အံကြိတ်ခံသည်
အန်တုရဲသော ဆရာတော်။

♠ တစ်ပါးသူအောက်၊ သပေါက်နိုင်ငံ
ခံစားနိမ့်ကျ၊ ကျွန်ဘဝဝယ်
ရုန်းကြွမီးလျှံ၊ ဇာတိမာန်ဖြင့်
နိုင်ငံကိုနှိုး၊ မျိုးဂုဏ်ကိုဖော်
တော်လှန်မီးရှူး၊ ထွန်းညှိကူးခဲ့
’ဦးဥတ္တမ’၊ ဘွဲ့မည်ရသည်
အာဂအရှင် သူမြတ်ပါတကား။

❖ ❖ ❖ ❖ ❖

## သမိုင်းပုံရိပ် အတိတ်အားမာန်

♠ " သပိတ်-သပိတ်-မှောက်-မှောက်"
တို့မြန်မာတွေ ရဲရဲတောက်။

♠ မကြောက်တရား သန္နိဋ္ဌာန်
သတ္တိရဲသွေးလျှံ။

♠ ရေနံမြေမှ ခြေလှမ်းစ
ခရီးရှည်ကြီး ချီတက်ကြ။

♠ သူ့ကျွန်ဘဝ ကိုလိုနီ
အမှောင်ညတွေ ရှည်ခဲ့ပြီ။

♠ အရှေ့ဆီက ရောင်နီပျို့
"မီးတုတ်-မီးတုတ်-ရှို့-ရှို့"။

♠ တို့ဘိုးတို့ဘွား အမွေမှန်
မြန်မာ တို့နိုင်ငံ။

♠ ဇာတိမာန် အဟုန်နှိုး
တို့မြေ တို့ရေ တို့ပိုင်စိုး။



♠ "သခင်မျိုးဟေ့ တို့ဗမာ"
လက်သည်းဆိတ်တော့ လက်ထိပ်နာ။

♠ အာဇာနည် သတ္တိသွေး
မြေကြီးတုန်အောင် ဟစ်ကြော်ကြွေး။

♠ "အရေးတော်ပုံ အောင်ရမည်"
သိမ့်သိမ့်တုန်ခဲ့ တို့မြန်မာပြည်။

♠ ကမ္ဘာတည်မယ့် သတ္တိဖွဲ့
ရေနံမြေက သပိတ်တိုက်ပွဲ။ ။

❖ ❖ ❖ ❖ ❖

## ရဲဘော်သုံးကျိပ် အတိတ်ဥဒါန်း

♠ နယ်ချဲ့လက်အောက်
သပေါက်သူ့ကျွန်၊ ဘဝန္တံဝယ်
နစ်ကျွံကာလ၊ ရှည်လျားလှပြီ
“ထလော့မြန်မာ၊ မြန်မာထလော့”
ရုန်းကြွလှုပ်ရှား၊ လူငယ်များတို့
အားသစ်သွေးမာန်၊ သိမ့်သိမ့်လျှံကာ
နိုင်ငံလွတ်ရေး၊ အသက်ပေးဖို့
ဝေးမြေရပ်ဆီ၊ ဂျပန်ပြည်သို့
ကိုယ်စီထွက်ခဲ့ ကြလေပြီ။

♠ ‘သုံးကျိပ်လူငယ်’၊ သုံးဆယ်သောအား
ယောကျ်ားဘသား၊ ရှားမှရှားတည့်
ပါးရိုက်လည်းခံ၊ ထောင်းထုခံလျက်
နိုင်ငံအတွက်
တက်ခေါက်အံကြိတ်၊ မမှိတ်မသုန်
ယုံကြည်ချက်ပြင်း၊ ဖွဲ့မာန်တင်းကြ
ဆင်းရဲကြီးစွာ၊ ကြံ့ကြံ့ရှာသည်
ငါတို့နိုင်ငံ လွတ်လပ်ရေး။



♠ လူငယ်သုံးကျိပ်၊ ‘သုံးကျိပ်ရဲဘော်’
တိုက်ပွဲခေါ်ပြီ
‘သေသော်မှတည့်၊ သြော် ကောင်း၏’ ဟု
အမိနိုင်ငံ၊ လွတ်လပ်ရန်တွက်

ဂျပန်,သူတို့
ပို့ချနည်းနာ၊ စစ်ပညာကို
သေချာဆည်းပူး၊ ပန်ဆွတ်ခူးခဲ့
စစ်ဦးမှပင်၊ ပြည်တော်ဝင်သော်
ပြည်ခွင်တောလုံး၊ ပီတိဖုံးကာ
အုန်းအုန်းကျွက်ကျွက်၊ ဟုန်းဟုန်းပွက်သည်
လက်ကမ်းကြိုကြ တစ်ခဲနက်။

♠ ရဲဘော်သုံးကျိပ်
စိတ်ဓာတ်ဖွဲ့မာန်၊ သန္နိဋ္ဌာန်ကြောင့်
နိုင်ငံလွတ်လမ်း ပွင့်ခဲ့သည်။

♠ ရဲဘော်သုံးကျိပ်
အတိတ်ညီးပြောင်၊ မီးတန်ဆောင်ကြောင့်
အမှောင်ညများ ပြယ်ခဲ့သည်။

♠ ရဲဘော်သုံးကျိပ်
နိမိတ်မရိုင်း၊ အတိတ်လှိုင်းကား
သမိုင်းမော်ကွန်း၊ ဖွင့်ဆိုညွှန်းတိုင်း
ထွန်းပြောင်ရဲရဲ တောက်လျက်တကား။ ။

❖ ❖ ❖ ❖ ❖



## မတ်လမော်ကွန်း(သို့မဟုတ်)ဖက်ဆစ်တော်လှန်နွေဂိမှာန်

♠ စစ်ဦးဘီလူး၊ ဖက်ဆစ်ရူး၏
"ခူးရား"အော်ရင်း၊ ကြင်နာကင်းစွာ
ညှည်းဆဲသည့်ဒဏ်၊ အံကြိတ်ခံလျက်
မြန်မာပြည်သား၊ မျိုးချစ်များတို့
အသားဆတ်ဆတ် တုန်ရပြီ။

♠ ဖက်ဆစ်လုံ့စွပ်၊ သွေးဆာမွတ်၏
လွတ်လပ်တုယောင်၊ အလံထောင်လည်း
အမှောင်မကင်း၊ အလင်းမရ
ဆင်းရဲစွလေ၊
မြန်မာ့တိုင်းသား၊ ပြည်သူများတို့
ခါးသည်းကြိတ်ခံ၊ ဖက်ဆစ်ဒဏ်။

♠ ဖက်ဆစ်နင်းဖြတ်၊ စစ်ဖိနပ်အောက်
ပိုင်းဆတ်ကျိုးချေ၊ မွမွကြေ၏
မျက်ရည်စက်လက်၊ သွေးကွက်ကွက်နှင့်
စိတ်လက်ညှိုးချုံး၊ တစ်ပြည်လုံး။

♠ မင်းသားမဟုတ်၊ ဘီလူးရုပ်ဟု
ဖော်ထုတ်ဖွင့်ချ၊ မြင်ကြရသော်
ရင်မှဒဏ်ရာ၊ မျိုသိပ်ပါရင်း
မြန်မာပြည်သား၊ မျိုးချစ်များတို့
လှုပ်ရှားသိုသိပ်၊ တိတ်တဆိတ်လျှင်
အရိပ်အခြည်၊ စောင့်ကြပြီ။

♠ ရွက်သစ်အပြောင်း၊ ရွက်ဟောင်းအကြွေ
လေပွေအယိမ်း၊ မီးစိမ်းအပြ
ထိုခဏ၌
မြန်မာ့ပြောက်ကျား၊ မျိုးချစ်များတို့
ဝံ့စားတော်လှန်၊ အောင်ပွဲခံသည်
မိုးယံမြေကြီး၊ ခြိမ့်တုန်ဟည်း။
ဩော်. . . နိုင်ငံလွတ်ရေး၊ အသက်ပေး၍
အရေးကြုံက၊ ညီညွတ်ကြခဲ့
မတ်လသမိုင်း၊ ညွှန်းဆိုတိုင်းလျှင်
လှိုင်းထအာရုံ၊ သိမ့်သိမ့်ခုန်သည်
ပုံပြင်မဟုတ် ချေတကား။

❖ ❖ ❖ ❖ ❖



## ပင်လုံ(သို့မဟုတ်)ညီညွတ်ခြင်းသင်္ကေတ

♠ အကြံအစည်၊ ဉာဏ်ပလီနှင့်
ပြည်မ၊ တောင်တန်း၊ ခွဲခြမ်းသပ်လျှို
ငြင်ငြိုလမ်းခွဲ၊ စိတ်ဝမ်းကွဲအောင်
မျိုခဲသွေးစုပ်၊ နယ်ချဲ့ယုတ်တို့
အားထုတ်ကြိုးပမ်း၊ သွေးတိုးစမ်း။

♠ လွတ်လပ်ရေးကို၊ မပေးလို၍
တွန့်တိုဈေးဆစ်၊ အတွေးညစ်ဖြင့်
ချန်ရစ်တောင်တန်း၊ အမှောင်သန်းအောင်
ကြိုးပမ်းကောက်ကြံ၊ နယ်ချဲ့ဉာဏ်လျှင်
ဟန်မကျချေ၊ ကံကခေ။

♠ အေးလည်းအတူ၊ ပူလည်းအမျှ
ပြည်မတစ်သွယ်၊ ပြည်နယ်တစ်ခန်း
တောင်တန်းတစ်ဖြာ၊ မခွဲခွာပြီ
ခိုင်မာစိတ်သန်၊ အဓိဋ္ဌာန်ဖြင့်
မြဲမြံတွဲယှက်၊ လက်ချင်းဆက်ကြ
သက်သေအရာ၊ တည်စေရာကား

"စာချုပ်ပင်လုံ"၊ သိမ့်သိမ့်တုန်။

♠ "ဗိုလ်ချုပ်အောင်ဆန်း"
လမ်းပြဦးဆောင်၊ မီးရှူးရောင်ကြောင့်
အမှောင်တွင်းကျ၊ ကျွန်ဘဝမှ
ရုန်းထရှင်သန်၊ တို့နိုင်ငံလျှင်
တစ်ဖန်လွတ်လမ်း၊ အရဏ်သန်းခဲ့
စိတ်ဝမ်းမခြား၊ တိုင်းရင်းသားတို့
လက်များယှက်ဆုံ၊ မြို့ပင်လုံဝယ်
ယုံယုံကြည်ကြည်၊ ပြည့်ကျိုးရည်၍
ညီညွတ်ခဲ့ကြပါသတည်း။ ။

❖ ❖ ❖ ❖ ❖



## မော်ကွန်းမြန်မာ လင်းရောင်ဖြာ

♠ အမျိုးသားဟန် ဇာတိမာန်
နိုင်ငံပုံရိပ် မြင့်စေသော်
ပြိုင်စံဂုဏ်ဟိတ် ဝင့်စေသော်။

♠ အမျိုးသားထု၊ ညီညွတ်မှု
တုမဲ့မာန်ဟုန် ပြောင်စေသော်
စုဖွဲ့မြန်ဂုဏ် ဆောင်စေသော်။

♠ အမျိုးသားဟိတ် ဇာတိစိတ်
တစ်ကျိုပ်တစ်ခဲ ရဲစေသော်
မစိတ်မကွဲ မြဲစေသော်။

♠ ဇာတိခိုင်ကျည် မြန်မာပြည်
တည်တံ့ကမ္ဘာ ခိုင်စေသော်
ရှည်အံ့သမ္ဘာ ပိုင်စေသော်။

♠ မြန်မာ့အောင်လံ လူးလွင့်ပျံ

မိုးယံတိမ်ပေါ် လွှားစေသော်
မျိုးမာန်ရှိန်စော် ကြွားစေသော်။

♠ နိုင်ငံပိုင်စိုး မြန်မာမျိုး
မညှိုးဂုဏ်ရောင် အတိတ်ဆောင်
အမှောင်ခြွေလို့ လင်းစေသော်
အရောင်နေသို့ ဝင်းစေသော်။ ။

❖ ❖ ❖ ❖ ❖



## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၉)

"ဘဲအုပ်က တစ်ရာနှစ်ရာ
ဗေဒါက တစ်ပင်ထဲ
အယက်အကန်ခံလို့
ဗေဒါပျံ အံကိုခဲ
ပန်းပန်လျက်ပဲ"
(ဆရာဇော်ဂျီ-ဗေဒါလမ်း)

♠ အစုန်အဆန်
ကြုံရပြန် အလှည့်။
မဗေဒါ သူ့ခရီး
ညည်းပါဘူးတဲ့။

♠ လှိုင်းအိတော့ လေပြေ
လှိုင်းမွှေတော့ ကသောင်းကနင်း။
မဗေဒါ ခရီးဆန့်
ကြုံကြုံခံရင်း။

♠ ဘဲအုပ်က တစ်ရာနှစ်ရာ

မပေဒါ အတွေ့။
ညှံ့အခံ အားမာန်ဖုံး
ရုန်း၍ ကန်၍။

♠ လောကခံ ကံအမူ
အုန်တုကြ ဘာမထီ
'ပေဒါလမ်း' ကဗျာစုဖြင့်
ညွှန်းပြုခဲ့ပြီ။
'ဆရာဇော်ဂျီ'
မြန်ပြည်ရဲ့ လတစ်စင်း
လအရောင် အမှောင်ခွင်းတယ်
လင်းပါဘိခြင်း။ ။

❖ ❖ ❖ ❖ ❖



## အောင်နိုင်သူ

♠ ဘဝပင်လယ်၊ အပြောကျယ်၏
ဘယ်မှာသောင်ကမ်း၊ ရော်ကာရမ်းလျက်
မှန်းဆခြင်းငှာ၊ မစွမ်းသာ။

♠ ဘဝမုန်တိုင်း၊ ရိုင်းချင်ရိုင်း၏
လှိုင်းပြင်းလေထန်၊ ကြုံကြုံခံရင်း
ရုန်းကန်ခြင်းသာ၊ အားကိုးရာ။

♠ ဘဝအိပ်မက်၊ ယုံကြည်ချက်နှင့်
နက်ဖြန်အလင်း၊ မျှော်လင့်ခြင်းဖြင့်
လေပြင်းလှိုင်းထန်၊ မုန်တိုင်းဒဏ်ကို
အန်တုစွဲမြဲ၊ စိန်ခေါ်ရဲမှ
ဖွဲ့သတ္တိရှင်၊ အို-အသင်
ပင်လယ်ဖြတ်ကျော် နိုင်လိမ့်မည်။ ။

❖ ❖ ❖ ❖ ❖

## ဆန္ဒပြင်းထန် ဇွဲစိတ်သန်သော်

♠ ဟိုဘက်ကမ်း ရောက်ချင်
မြစ်ပြင်ကို ကျော်ဖြတ်။
လှေကိုယူ တက်ကိုဆွဲ
ဇွဲဖြင့် လှော်ခတ်။

♠ တောင်ထိပ်ပေါ် ရောက်ချင်
ခြေလျင်ကွယ့် ခရီးကြမ်း။
လုံ့လမာန် အဟုန်ကြီး
မညည်းစတမ်း။

♠ ကန္တာရ လွင်ပြင်
ဖြတ်ချင်တော့ ဝံ့ရဲ။
ဝီရိယ အားမာန်ထုတ်
ကျားကုတ် ကျားခဲ။

♠ သွားလိုရာ ခရီးရောက်ဖို့
ပြီးမြောက်မယ့် ကြံအစည်။
စိတ်ဇွဲဟုန် ဝီရိယနဲ့



လုံ့လလိုသည်။
ရင်ဖွင့်လို့ အားမာန်ချီ
ထိမထင် ဝံ့စား။
ညဏ်အလှ ဝင်းလျှံ
ဆန္ဒကို အရင်းခံတော့
ရည်သန်ရာ ထိုခရီး
နီးအံ့တကား။ ။

❖ ❖ ❖ ❖ ❖

## လျှောက်ရဲသူ

♠ နေသာသပ၊ လေညာကဟု
ရှန်းထအားစမ်း၊ မကြိုးပမ်းပဲ
လေဖမ်းဒါန်းစီး၊ အပြောကြီးသူ
သူလည်းတစ်ယောက်. . .။

♠ ဗေဒင်,ဝေဒ၊ နက္ခတ္တနှင့်
ဉှုံဖွဲ့မန္တန်၊ ချိန်ကုန်ခံကာ
ကံကိုလှည့်စား၊ ပျင်းရိငြားသူ
သူလည်းတစ်ယောက်. . .။

♠ နက်ဖြန်နောက်နေ့၊ ကြိမ်ကြိမ်ရွှေ့ကာ
တမေ့တမောမော၊ တမြောငင်ငင်
မမြင်ယုံမှတ်၊ အနာဂတ်ကို
ရပ်လျက်ကြိုလင့်၊ အချိန်ဖင့်သူ
သူလည်းတစ်ယောက်. . .။

♠ မတူခြားနား၊ 'သည်လူများ'နှင့်
ပြဒါးနှင့်သံ၊ စုန်အဆန်နှယ်



ကံ၏အမူ၊ ဉာဏ်ဖြင့်ရှုလျက်
အန်တုရုန်းကန်၊ လုံ့လသန်ကာ
မြဲမြံစိတ်ဖွဲ့၊ လှမ်းလျှောက်ရဲသူ
တစ်ယောက်လူ
ထိုသူမော်ကွန်း၊ ထိုးအံ့တကား။ ။

❖ ❖ ❖ ❖ ❖

## ပညာစရိုး

♠ ပညာရောင် အလင်းဖြန့်တော့
ရှင်းသန့်လို့ ကြည်လင်စွာ
ဝင်းလဲ့လဲ့ဖြာ။
အမှောင်ရိပ် စင်ကာ
အမြင်မှာ ထင်ရှား။
ခရီးနှင့် အတွင်လှမ်း
လမ်းဘယ်မမှား။

♠ ပညာရေ ချိုကြည်မြ
သောက်လိုက်ရ ခဏတွင်
နွမ်းရိပ်ပြေစင်။
အားသစ်က တရှင်ရှင်
ပြင်လေတဲ့ ခြေလှမ်း။
ခရီးမှာ ရဲရဲလျှောက်
မကြောက်စတမ်း။

♠ ပညာဆို ထိုအရိပ်
မှေးမှိတ်လို့ နားဝင်ခို။



အမောတွေ လျှောပြေကျ
ချမ်းမြတယ်ကို။
အားသစ်က ရွှန်းစို
နုပျိုလို့ သွက်လက်။
ခရီးနှင့် တွင်တွင်ရွှေ့
ရှေ့သို့ ချီလျက်။ ။

❖ ❖ ❖ ❖ ❖

## ကိုယ်ရေးအတ္တုပ္ပတ္တိ

♠ သူ့အကြောင်းကို
ကောင်း၏ဆိုး၏၊ မင်းမသိလည်း
မသိကာနေ၊ ရှိပါစေ။

♠ ငါ့အကြောင်းကို
ကောင်း၏ဆိုး၏၊ မင်းမသိလည်း
မသေလေရော့၊ ရှိစေတော့။

♠ မင်းစဉ်းစားကြည့်
မင်း၏အကြောင်း
ကောင်းဆိုးအရှိ ပကတိကို
မသိမဖြစ်
စင်စစ်ဧကန်၊ မင်းသိရန်မူ
အမှန်လိုအပ် လှချေ၏။ ။

❖ ❖ ❖ ❖ ❖



## အရိပ်ဘဝ အလှဘယ်မှာ

♠ တစ်ဆိတ် မမေ့ပါဘဲ
အရိပ်ကလေးနှယ် နေချင်တယ်. . . တဲ့။

♠ သူပျော်ရင် ကိုယ်လန်း
သူနွမ်းရင် ကိုယ်မရွှင်
ကျင်လည်ရာ မူမထား
ခင်တွယ်ကာ သူ့အနားမှာပဲ
ဖဝါးမကွာ ခြေတကျရယ်နဲ့
မသွားသာ နေပါရစေတော့လို့
ခြွေဟသူရယ်။

♠ သူလှုပ်ရာ ကိုယ်ယိမ်း
သူတိမ်းရာ ကိုယ်ငဲ့
သူလှည့်ရာ ကိုယ်ပြောင်း
မညောင်းညာ နေကာပေးနေရ
အကြောင်းရှာ သေချာတွေးလေတော့
ရုပ်သေးရုပ် အသွင်နှယ်
မြင်မထည် ဘယ်မလှ။

♠ နိမိတ်ပြ ဆိုလျှင်
အရိပ်ဘဝ မလိုချင်ပါနဲ့
ကိုယ့်စွမ်းအင် ကိုယ်ပိုင်စိုး
ကိုယ့်လမ်းထွင် ကိုယ်တိုင်ပျိုးပါမှ
မညှိုးအရောင် ဖြာလွင်လွင်နဲ့
ထာဝစဉ် အသွင်တင့်ပေလိမ့်
ဝင့်မူရာ လိပ်ပြာအလှရယ်နဲ့
လွှင့်ထူကာ သိက္ခာပြရအောင်
(ကလေးရယ်)
အရိပ်ခဝါချ။ ။

❖ ❖ ❖ ❖ ❖



## ဆရာ့ဘဝ အလှမှန်ကူကွက်

♠ ဆရာ
'ဝါသနာ' ပန်းတစ်ဖူးကြောင့်
အလွမ်းဆူးတွေ စူးခဲ့ပြီလားဆရာ. . .။

♠ ဆရာ
'စေတနာ' အသီးအပွင့်တွေကြောင့်
ခရီးဖင့်ခဲ့ရပြီလားဆရာ. . .။

♠ ဆရာ
'အနစ်နာ' ဓမ္မသဘောကြောင့်
ဘဝအမောတွေ ကြုံခဲ့ပြီလားဆရာ. . .။

♠ ဆရာ
'နာသုံးနာ' ဆိုတဲ့ အလှမှန်ကူကွက်
ဆရာ့သမိုင်းထက်မှာ
ရွှန်းပြက်ဝင်းပ
အလှကြီး လှခဲ့ပါပြီဆရာ. . .။
(ငယ်ဆရာများသို့. . .)

❖ ❖ ❖ ❖ ❖

## လွမ်းရိပ်ဝေဝေ မွေးရပ်မြေ

♠ တစ်မြေရွာ အနေကြာဝေးလေတော့
ဆွေးစိတ်က တဝေဝေ
မွေးရပ်မြေ ကျွန်တော်မှန်း
လွမ်းပါရစေ။
တစ်ခါတစ်လေ
ကဗျာတွေ ရင်အပြည့်။
လွမ်းကာရန် လွမ်းသံနှော
ပြောရပါ၏။

♠ ရွက်ဟောင်းကြွေ ရွက်သစ်ဖူးတဲ့
နွေဦးက ဂိမှာန်ခါ။
စော်ဘွားရှင် စေတီဦးမှာ
ဖူးကြသူငါ။
ဘုရားပွဲ အတူလာ
ပျူငှာလို့ရွှင်ပျ။
ဗေထိသံ ကြားယောင်ဆဲ
ဘုရားပွဲည။



♠ မူးမြစ်ရေ ဘောင်ဘင်ထ
မိုးကာလ ရောက်ချိန်ဆို။
သစ်ဝါးချုံဒိုက်သရောတို့
မျောကြပြီကို။
ထင်းဆယ်ကြ ရွှင်ချိုချို
ပျော်သလို ခလေ့။
ရေညိုညို မူးမြစ်ကမ်းကို
လမ်းဘယ်မမေ့။

♠ လင်းကြည်ကြည် နှင်းရည်ဥတဲ့
ဆောင်းရတု တစ်ခါလည်။
ရွှေဝါရောင် လယ်ယာကွင်းတွေနဲ့
ဝင်းလဲ့ဝေစည်။
နွားလှည်းက တအီအီ
နေရီရီ ညနေစောင်း။
မြောက်ပြန်လေ သုန်သုန်ဖျန်းတော့
ချမ်းပါဘိဆောင်း။

♠ မွေးရပ်မြေ မြင်ယောင်မှန်း

လွမ်းစိတ်က ဘယ်မပြေ။
ရင်ထဲမှာ ခါခါတမ်း
လွမ်းရိပ်ဝေဝေ။
အလွမ်းဖွဲ့ ကဗျာတွေ
ခါတစ်လေ သီကာပြ။
အလွမ်းတောင် အကျော်ခက်ပါဘိ
ပင့်သက်ကိုချ။ ။

❖ ❖ ❖ ❖ ❖



## မသိမောစွာ သူနဲ့ငါ

♠ သူ့ခရီးလမ်း၊ မညည်းတမ်းလေ
သူလှမ်းလျှောက်လျက်
မပျက်နေ့စဉ်၊ ခရီးနှင်။

♠ ငါ့လမ်းခရီး၊ ငါမညည်းသာ
လှမ်းပြီးလှမ်း၍
တစ်နေ့မပျက်၊ ခရီးဆက်။

♠ တစ်နေ့တစ်နေ့၊ တရွေ့ရွေ့နှင့်
နေ့စဉ် နေ့စဉ်၊ ခရီးနှင်ကာ
တွင်တွင်ခြေလှမ်း၊ ဘယ်မနွမ်းသာ
အလွမ်းတစ်လှည့်၊ ပန်းတစ်လှည့်နှင့်
လှမ်းခဲ့ကိုယ်စီ၊ ခရီးရှည်
ဘယ်ဆီဘယ်မှာ၊ ခိုနားရာ
ငါလည်းမသိ၊ သူမသိ
ငါလည်းမသိ၊ သူမသိ
မသိမောစွာ၊ သူနဲ့ငါ။ ။

❖ ❖ ❖ ❖ ❖

## ဂန္ဓဝင်လမင်း အလင်းသံစဉ် (၁၀)

“လယ်တောကအပြန်
ပန်ချင်တယ် ခရေဖူးဆိုလို့
မောင်ခူးကာပေး။
မနက်တုန်းဆီက
ကြော့ဆုံးကို မောင်မြင်တော့
သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။”
(ဆရာမင်းသုဝဏ်-နှင်းဆီပွင့်)

♠ စိတ်ကူးထဲမှာ၊ မြင်ခဲ့ပါ။
ဝမ်းသာအားရ၊ ပြုံးချိုမြနှင့်
နှမဆံကော၊ ပန်ပါလေဟု
ခရေကုံးလေး၊ ဖြူဖွေးဖွေးကို
အပြေးရောက်လာ၊ နှင်းအပ်ရှာသော
စာဆိုလုလင်၊ သူ့ရုပ်သွင်။

♠ နောက်နေ့မနက်၊ နေအထွက်၌
နုညက်ရွှန်းသွယ်၊ လုံမငယ်၏



နွယ်ခွေလျလျ၊ ဆံကေမြဝယ်
ပွင့်လွဝင့်ချီ၊ မြင်ရသည်မှာ
နှင်းဆီပွင့်လွှာ၊ ဂုဏ်တင့်စွာတည့်
ခမျာလုလင်၊ သူ၏ရင်
နာကျင်ဘယ်သို့ နေရှာလိမ့်။

♠ သြော်-ဆရာ့ကဗျာ၊ အလင်္ကာကို
ခါခါတမ်းတ၊ ဖတ်ခဲ့ရ၏
ဖတ်ရလေလည်း၊ ချစ်မက်ဆဲပင်
ဝေ့ဝဲလွင့်ကြွေ၊ ပန်းခရေတို့
ပင်ခြေအောက်တွင်၊ တွေ့ရမြင်တိုင်း
ရင်၌အလွမ်း၊ ငွေ့ငွေ့သန်းသည်
မနွမ်း၏သို့ နွမ်း၏သို့။ ။

❖ ❖ ❖ ❖ ❖

## အနှစ်ပမာ ချစ်ကဗျာ

♠ အနှစ်ကိုရှာ
အကာကို ခွာမှ။
အပေါ်ယံ ရွှေမှုန်ကြဲ
ခွဲခြားမြင်ရ။

♠ အချစ်ကိုရှာ
ကဗျာကိုမြင်မှ။
အကြင်နာ အလွမ်းငွေ့
လှမ်းတွေ့ပြန်ရ။ ။

❖ ❖ ❖ ❖ ❖



## သနားစရာ အတ္တငါ

♠ တစ်ခွန်းနှုတ်ဖျား၊ သူ့စကားကြောင့်
သည်းဖျားဆတ်ဆတ် တုန်ဖူးသည်။

♠ မထိမဲ့မြင်၊ သူ့ရုပ်သွင်ကြောင့်
ရင်ထဲဆတ်ဆတ် ခါဖူးသည်။

♠ သရော်လှောင်ပြုံး၊ သူ့မျက်လုံးကြောင့်
နှလုံးဆတ်ဆတ် ကျင်ဖူးသည်။

♠ အပြင်လောက၊ ဗဟိဒ္ဓကြောင့်
ငါ့မှာတုန်လှုပ်
လငပုပ်ဖမ်း၊ မရှင်လန်းသို့
ပင်ပန်းဒုက္ခ၊ ဆင်းရဲလှသည်
မာနသားကောင် ငါတကား။ ။

❖ ❖ ❖ ❖ ❖

## ရှက်နှုသစ်ဆင် ချစ်သစ်ပင်

♠ ချစ်တာသာ ပဓာန
နှစ်တစ်ရာမက ကြာချင်ကြာ။

♠ အမြင်မှာ တွက်စစ်တော့
အကြင်နာ သင်္ကရာဇ်တွေက
အသက်နှစ် အခါခါလည်လို့
အရွယ်သာ တစ်ဆစ်ညောင်းသော်လည်း
အတွယ်တာ အချစ်ဟောင်းရယ်က
မပြောင်းသည်သာ။

♠ မငြိုငြင် ချို့ရွှင်အပြုံးတွေနဲ့
အပျိုစင် ဟိုစဉ်တုန်းလိုပ
ဆုံးသက်တိုင် အကြင်နာအတွေးတွေနဲ့
မုန်းဖက်မပြိုင် ရင်မှာထွေးမယ်လို့
လင်္ကာတေး သည်ကဗျာ
“ပလီပလာ ရှင့်စကား”. . . တဲ့။



♠ ထိပ်မခေါက်သာ
စိတ်ကောက်ကာ ငယ်စဉ်တုန်းလိုပ
မုန်းသလို အညာဘက်ပါလို့
အပြုံးကို အသာဝှက်ပြန်တော့
မရှက်သာ ကဗျာသမားမှာ
အသက်ညှာ ကလျာတစ်ပါးခင်ရဲ့
အနားတွင် ယောင်ချာချာနဲ့
မလျှောင်သာ လေပြည်နှော့ပါလို့
ချော့ရပြန်သား။ ။

❖ ❖ ❖ ❖ ❖

## လက်များ၏ ဆုံမှတ်

♠ မပေးသာ၍
ငေးကာတွေချို၊ နေမထိ။
မယူသာ၍
ပူဗျာရင်နွမ်း၊ မရွှင်လန်း။
အပေးအယူ၊ အတွေးကူသော်
ယူအံ့သောလက်၊ ပေးသောလက်တို့
ဆုံချက်နေရာ၊ အဖြေရှာ
သေချာမုချ ရှိနေလိမ့်။ ။

❖ ❖ ❖ ❖ ❖



## မျက်နှာနှစ်ခုနှင့် ကမ္ဘာ

♠ နေ့သဘာဝ၊ အလင်းရ၍
ညအဓိပ္ပါယ်၊ အမှောင်ခြယ်၏။

♠ အလင်းငွေ့နှင့်
နေ့တစ်မျက်နှာ၊ ကမ္ဘာတစ်ခြမ်း။

♠ အမှောင်ကျလျက်
ညတစ်မျက်နှာ၊ ကမ္ဘာတစ်ဝက်။

♠ အမှောင်အလင်း
အဆင်းနှစ်ရပ်၊ ကျောချင်းကပ်လျက်
ပေါင်းစပ်ချင်းရာ၊ ဂြိုလ်ပြာပြာကို
ကမ္ဘာမြေဟု ခေါ်သတည်း။ ။

❖ ❖ ❖ ❖ ❖

## ဂန္ထဝင်လမင်း အလင်းသံစဉ် (၁၁)

“ဘုရားရှေ့ဝယ်
အငွေ့လှိုင်လှိုင်၊ နံ့ကြိုင်ကြိုင်ဖြင့်
တစ်တိုင်ဆီမီး၊ ထိန်ထိန်ညီးတည့်
သူ့အလှူမှ
တစ်ဖန်ကူးဘိ၊ သူငါညှိလည်း
မသိလျော့ရာ၊ ထိန်မြဲသာတည့်။”
(ငွေတာရီ-ဤမီးတိုင်)

♠ ဘုရားရှေ့တွင်၊ တွေ့ရမြင်သည်
ဝါလွင်လဲ့ရွှန်း၊ မီးစာကျွမ်းမျှ
ထွန်းစိုက်ခိုင်ခိုင်၊ ဆီမီးတိုင်။

♠ ဤမီးတိုင်မှ၊ အလင်းမြကို
ကူးကြတစ်ဖန်၊ ညှိကြပြန်၏
ဆယ်ပြန်မက၊ ကူးညှိကြလည်း
ဝင်းပမြဲသာ၊ ထိန်မြဲသာ။



♠ ဆီမီးပမာ၊ ဤသို့သာပင်
ဆရာမ,မည်၊ ‘ငွေတာရီ’၏
လဲ့ကြည်ရွှန်းမြိုင်၊ ‘စာမီးတိုင်’လျှင်
အပြိုင်ဝင်းကာ၊ အလင်းဖြာသည်
ဘယ်ခါမငြိမ်း နိုင်ပြီတကား။ ။

❖ ❖ ❖ ❖ ❖

## ချစ်စွာသော အို–ကဗျာ

♠ ချစ်စွာသောကဗျာ။
ကိုယ့်ရင်မှာ သောကအနွမ်းနဲ့
ပန်းလျသောခါ။
ငှက်ကလေးပမာ
သံသာသာ သီကြွေး။
သောကတွေ ပြယ်စင်လန်းလို့
ချမ်းမြတယ်လေး။

♠ ချစ်စွာသော ကဗျာ။
ကိုယ့်ရင်မှာ အလွမ်းငွေ့နဲ့
နွမ်းသွေ့သောခါ။
မိုးပြေးလေးပမာ
ရွာစွေလို့ သွန်ကြဲ။
အလွမ်းတွေ ပြယ်စင်ဝေးလို့
အေးခဲသည်ပဲ။

♠ ချစ်စွာသော ကဗျာ။
ကိုယ့်ရင်မှာ စိတ်အရိုင်းတို့
လှိုင်းထသောခါ။
လေပြည်လေးပမာ
ကြည်သာယာ ထွေးပွေ့။
စိတ်ရိုင်းတွေ ပြယ်စင်ယိမ်းလို့
ငြင်းခဲ့တယ်လေ့။

♠ ချစ်စွာသောကဗျာ။
ကိုယ့်ရင်မှာ အစဉ်လန်းတဲ့
ပန်းကလေးကမာ။
ချစ်ခြင်းဖွဲ့ အလင်္ကာ
အကြင်နာ ရနံ့အေး။
ထုံကြည်ကာ မှုန်ရီဝင်းလို့
သင်းပျံ့တယ်လေး။ ။

❖ ❖ ❖ ❖ ❖

## အို့ခြင်းဇရာ ရောက်၍လာသော်

♠ ဆံပင်ဖြူဖြူ မမြင်မူအောင်
ဖေးကူအနက် ဆိုးခဲ့၏။

♠ ပါးရေတွန့်လိပ်၊ ထိုပုံရိပ်ကို
မိတ်ကပ်ခြယ်၍ ကွယ်ခဲ့၏။

♠ မှုန်ဝါးဝေသီ၊ မြင်မကြည်၍
ဒီဂရီမျက်မှန် တပ်ခဲ့၏။

♠ ခဏတန်တန်၊ ဘဝမာန်ဖြင့်
အန်တုခါခါ၊ ခုခံပါလည်း
'ဇရာ'တစ်ခေါက်၊ သူလာရောက်သော်
နောက်ကြောင်းပြန်ရိုး မရှိတကား။ ။

❖ ❖ ❖ ❖ ❖



## အလင်္ကာမှော် ရင်မှာပျော်

♠ ကဗျာချိုမြ၊ ဆိုပါရ
ရှင်ပျလင်္ကာ တေးနော့သွယ်
ရင်မှအကြင်နာ နွေးတော့တယ်။

♠ ကဗျာချိုတေး၊ ဆိုပါသေး
မွှေးပျံ့လင်္ကာ ပန်းသို့နှယ်
အေးသန့်ရင်မှာ လန်းလို့ရယ်။

♠ ကဗျာချိုချို၊ ခွန်းဖွဲ့ဆို
ဖိုလှိုက်မရှင်သာ နွမ်းလှတယ်
ငိုရှိုက်ရင်မှာ လွမ်းရတယ်။

♠ ကဗျာဆိုတေး၊ ချိုချိုအေး
ပြေးဆော့လင်္ကာ စမ်းလေးနှယ်
ထွေးချော့ရင်မှာ ချမ်းအေးတယ်။

♠ ကဗျာဆိုချိန်၊ ချိုမြိန်မြိန်
တိမ်ပေါ်ခရီးလမ်း နှင်သလိုနှယ်
စိန်ခေါ်အငြိးတမ်း ရင်ဖိုတယ်။

♠ ကဗျာဆိုရ၊ ထိုခဏ
အလှသံစဉ်၊ ချိုလွင်လွင်
ရင်မှာထွေးယှက်၊ နွေးသက်သက်
ချစ်မက်မပြေ ပျော်တော့တယ်
နှစ်သက်ကဝေ မော်သို့နှယ်။ ။

❖ ❖ ❖ ❖ ❖



## နီဂိုးဘယ်ခါ မသိပါ

♠ တစ်ခေါက်တစ်ခါ၊ အရောက်လာဖို့
ဘယ်ခါမှလည်း ငါမဖိတ်။

♠ လာပါလာခဲ့၊ ခါတစ်လှည့်ဟု
လှမ်းတဲ့လို့လည်း ငါမကြို။

♠ တစ်ခေါက်တလေ၊ လာပါလေဟု
နှုတ်ခွန်း၍လည်း ငါမပြော။

♠ မဖိတ်မကြို၊ ငါမဆိုလည်း
ထိုသောတစ်နေ့၊ ချိန်ခါစေ့သော်
ရောက်၍သူလာ လိမ့်မည်ကို။ ။

❖ ❖ ❖ ❖ ❖

## ဥစ္စာစောင့်

♠ ကဗျာတွေ ထားခဲ့. . . တဲ
သွားမကွယ့် တကြော်ကြော်
လှမ်းတဲ့လို့ အော်။
ဘယ်သူပဲခေါ်ခေါ်
ကျွန်တော်က ဟင့်အင်း။
ကဗျာတွေ ရင်မှာပွေ့
မွေ့မွေ့ပျော်ရင်း။ ။

❖ ❖ ❖ ❖ ❖



## ငှက်ကလေးသို့ ကျေးဇူးကဗျာ

♠ အမှားမယွင်း၊ တံတားခင်း၍
ကြီးပြင်းရှင်သန်း၊ လောကခံဝယ်
ရုန်းကန်ဇွတ်တိုး၊ တစ်ဆစ်ချိုးခဲ့
တစ်မိုးချုပ်ချိန် နီးလေပြီ။

♠ အိပ်မက်တစ်ရာ၊ ရွှေကဗျာလည်း
ရွက်ဝါကြွေလျှော၊ လေမှာမျောသို့
မောတလှပ်လှပ်၊ ဇောရဟတ်နှင့်
မပြတ်ချာလည် လွင့်လေပြီ။

♠ စက္ကန့် မိနစ်၊ တလှစ်လှစ်လျှင်
ဖြစ်ပျက်ရုပ်နာမ်၊ ဓမ္မကွန်ကို
ဧကန်ဧက၊ ရှုလှည့်ကြပဟု
ညွှန်းဟသယောင်၊ ဥဒါန်းဆောင်လည်း
အမောင် တောင်မြောက် မသိချေပြီ။

♠ ထိုသောခဏ
ချိုမြသံသာ၊ ညံစာစာနှင့်

ကဗျာဆိုတေး၊ ငှက်ကလေးလျှင်
ခိုမှေးစက်ဝင်၊ ကိုယ့်ရင်ခွင်ဝယ်
ညင်သာဖွဖွ၊ ခြေလာချသော်
ဘဝအလွမ်း၊ ပြေစင်လန်းလျက်
အန္တမ်းရင်၌ ပြယ်သတည်း။ ။

မောင်ဟန်တင့် (ပင်လည်ဘူး)

၂၀၁၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲ
ကဗျာပေါင်းချုပ် တတိယဆုရ

# ဂန္ထဝင်လမင်း အလင်းသံစဉ်

## ကဗျာများ



**မောင်ဟန်တင့် (ပင်လည်ဘူး)**

အဖ ဦးအေးမောင်၊ အမိ ဒေါ်သိန်းငွေတို့မှ ၁၉၅၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မွေးဖွား ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိသည်။

၁၉၇၃ ခုနှစ်မှစ၍ ကဗျာများ စတင်ပုံနှိပ် ဖော်ပြခံရသည်။ ငွေတာရီ၊ မြဝတီ၊ သွေးသောက်၊ ရှုမဝ၊ စစ်ပြန်၊ သပြေ၊ သင့်ဘဝ၊ နဝဒေး၊ မြားနတ်မောင်၊ တေဇ၊ တို့ကျောင်းသား စသော မဂ္ဂဇင်း စာစောင်များတွင် ကဗျာများ ရေးသားခဲ့သည်။ *အလှမှန်ကူကွက်များ* ကဗျာနှင့် သည်မီးအိမ် ကဗျာနှစ်ပုဒ်ကို ဒေသကောလိပ် သင်ရိုးကဗျာစု၌ ပြဋ္ဌာန်းခံရသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲများတွင် ၂၀၀၈ ခုနှစ်၌ *အိပ်မက်တစ်ရာကဗျာများ* စာမူဖြင့် ကဗျာပေါင်းချုပ် ပထမဆုနှင့် ၂၀၀၉ ခုနှစ်၌ *ဝတစ်လုံးနှင့် အပြုံးတစ်ရာ ကဗျာများ* စာမူဖြင့် ကဗျာပေါင်းချုပ် ဒုတိယဆု၊ ၂၀၁၀ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် *အမေ့လမင်း အလင်းသံစဉ် ကဗျာများ* စာမူဖြင့် ကဗျာပေါင်းချုပ် ပထမဆုတို့ ရရှိသည်။

အမည်ရင်း ဦးဟန်တင့် ဖြစ်သည်။

နေရပ်လိပ်စာ - စ-၁/ဂ၆၊ (၆၇) လမ်း၊ ငုရွှေဝါ × ခိုင်ရွှေဝါကြား၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

